မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၈)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ စနေနေ့

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျော့ချပေးနိုင်ရေး အာရုံစိုက်၍အလေးထားဆောင်ရွက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစော၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်)

လူကုန်ကူးမှုပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်

လူကုန်ကူးမှုသည် မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် လွန်စွာအကျည်းတန်သောလုပ်ရပ်ဖြစ်သည်။ လူအချင်းချင်းလှည့်ပတ်ခြင်းလုပ်ရပ်ဖြစ်သည့်အတွက် လူကုန်ကူးမှုပပျောက်ရေးမှာ အမျိုးသားရေးကိစ္စရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကိုထုတ်ပြန်ပေးထားသည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း “လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန် အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ထိုသူကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်” ဟု ဖွင့်ဆိုထားသည်။

နည်းလမ်းများအဖြစ် “ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏ သဘောတူညီချက်ရရှိရန်ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း”ဟု ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာများကိုတိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်နှင့် အဆင့်ဆင့်သောလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြောင်းလဲလာသောလူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှ လူငယ်များသည် မြန်မာနိုင်ငံသို့အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများအားချစ်ကြိုက်၍ လက်ထပ်ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသောသဘောဖြင့် ငွေကြေးပေးကာလက်ထပ်ခြင်း၊ တရားရုံးတွင်ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများကို ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကိုတွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook ၊ Tiktok နှင့် Telegram များကိုအသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ်လွှဲပြောင်းပေးခြင်းများပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မထိမ်းမြားလက်ထပ်ရန်နှင့်လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများလုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့အနေဖြင့် သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သုံးရပ်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကျပ်ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းရန်၊ အသိပညာပေးခြင်းများဖြင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်တရားမဝင်ဝင်ရောက်မှုမရှိစေရေးတားဆီးထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့်ဆက်နွယ်ဖြစ်ပွားသောလူကုန်ကူးမှုတားဆီးရေးစီမံချက်ကို Pilot Project အဖြစ် သက်တမ်းကာလတစ်နှစ်ဖြင့်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်အဖြစ် **“လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့”**ဟူ၍ ချမှတ်ထားသည်။ ထို့ပြင် “လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်းစိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရန်” ဟူ၍ ရည်ရွယ်ချက်(၄)ရပ်ချမှတ်ထားသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ရပ်များကို ထိရောက်စွာတားဆီးနှိမ်နင်းလျက်ရှိပြီး အတင်းအကျပ်ခိုင်းစေခံရသူများကိုကယ်တင်၍ မိခင်နိုင်ငံများသို့ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံသားများလည်းပါဝင်နေသည့်အတွက် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ့လူမှုနယ်ပယ်တွင်လုံးဝမရှိသင့်သော လူကုန်ကူးမှုပပျောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ကလေးမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၂၁၉၆၄ ဧက စိုက်ပျိုးပြီးစီး

ကလေး စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၂၁၉၆၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၇၂၅၄ ဧကနှင့် ဖူးစားပြောင်း ၆၀၂၈ ဧက စုစုပေါင်း ၂၃၂၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ အစေ့ထုတ်ပြောင်း ၁၆၀၀၁ ဧကနှင့် ဖူးစားပြောင်း ၅၉၆၃ ဧက စုစုပေါင်း ၂၁၉၆၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်”ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ယခုနှစ် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

မုဒုံမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မုဒုံ စက်တင်ဘာ ၁၂

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ် PERFECT Private School ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ညှိနှိုင်းရေးမှူး အဖြစ်ဆောင်ရွက်၍ Grade-7 နှင့် Grade-9 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ကြိုတင်ပြင်ဆင်အောင်ပွဲဝင်ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးသည့် အကြောင်းအရာများအား မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကပြသထားသော အသိပညာပေးနံရံကပ်စာအုပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၀၆)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၉-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

MWD Education, Knowledge & Sports Channel

၁၃-၉-၂၀၂၅(စနေနေ့)

၁။	၀၈:၀၀	-	၁၀:၀၀	Grade-10	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ
၂။	၁၂:၀၀	-	၁၃:၅၅	Grade-10	သချာ၊ ဓာတုဗေဒ၊ ရူပဗေဒ
၃။	၁၆:၀၀	-	၁၈:၀၀	Grade-10	ဇီဝဗေဒ၊ ပထဝီဝင်
၄။	၁၈:၀၀	-	၁၉:၁၅	Grade-10	ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

မြဝတီ နေ့စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိပ္ပန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ဒိုရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

(၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်းပြဋ္ဌာန်းထားရှိပါသည်၊ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲ စာချုပ်များတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ၂၁-၁၂-၂၀၁၆ မှစတင်ပြီး ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများ၊ နိုင်ငံတကာစံနှုန်းများနှင့်ချိန်ညှိ၍ ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ အဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပလာခဲ့သည်မှာ ယခုအခါ ၁၃ ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

အဆိုပါဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ၅ နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့နှင့် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထိုပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုး၍လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation–BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘာလီလုပ်ငန်းစဉ်(Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime–Bali Process) နှင့် လန်ချန်း-မဲခေါင် တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center–LMLECC)တို့တွင်ပူးပေါင်းပါဝင်၍လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးခံရခြင်းသည် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်း စသည့်အခြေခံအချက်အလက် အချို့မျှသာမကဘဲ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် ပညာရေး စရိတ်လိုအပ်ခြင်း၊ မိသားစုအတွက် များပြားသည့်ဝင်ငွေရရှိလိုခြင်း၊ ပိုမိုမြင့်မားသောလူနေမှုဘဝကို မျှော်မှန်းခြင်း၊ လက်ရှိအခြေအနေ အပေါ်တွင် စိတ်ကျေနပ်မှုမရှိခြင်း၊ အောင်မြင်မှုရသည့်ဘဝများကို အားကျခြင်းစသည့် အရင်းခံအကြောင်းအရာများစွာရှိနေပါသည်။

ထို့ကြောင့် နိုင်ငံခြားသားများနှင့်လက်ထပ်သည့် မြန်မာအမျိုးသမီးများ လူကုန်ကူးခံရမှုမှကြိုတင်ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းစဉ်အဆိုပြုချက်များချမှတ်ပြီး ၂၀၂၅ ခုနှစ်၊ မတ်လမှစ၍ ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် အဓိကအားဖြင့် သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း စသည့်အချက် ၃ ချက် ပါဝင်ပြီး မြန်မာအမျိုးသမီးများအား အတုအယောင် ထိမ်းမြားလက်ထပ်သော လူကုန်ကူးမှုများကိုတိုက်ဖျက်ရာတွင်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

➪ လူကုန်ကူးမှုများသည် ခေတ်စနစ်အလိုက်အခြေအနေများနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲလာသည်ကို ဂရုပြုကြရမည်ဖြစ်ပြီး လက်ရှိအွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတို့ ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သောကုမ္ပဏီများအဖြစ် အွန်လိုင်းမှတစ်ဆင့် လစာအမြောက်အများရရှိမည့်အသွင်ဖြင့် မက်လုံးပေးစည်းရုံးခေါ်ဆောင်. . .

လူကုန်ကူးမှုများသည်ခေတ်စနစ်အလိုက်အခြေအနေများနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲလာသည်ကို ဂရုပြုကြရမည်ဖြစ်ပြီး လက်ရှိအွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတို့ ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအဖြစ် အွန်လိုင်းမှတစ်ဆင့် လစာအမြောက်အများရရှိမည့်အသွင်ဖြင့် မက်လုံးပေးစည်းရုံးခေါ်ဆောင်လာခဲ့ကြပါသည်။ နိုင်ငံအများအပြားမှ အိုင်တီနည်းပညာကျွမ်းကျင်သူများအပါအဝင် ပညာတတ်အများအပြားတို့ စုဆောင်းခံခဲ့ကြရပြီး အွန်လိုင်းမှတစ်ဆင့် မက်လုံးပေးလိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်ခြင်းခံနေကြရပါသည်။ လူကုန်ကူးသူများသည် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြသော လူမှုကွန်ရက်မီဒီယာများကိုအသုံးပြုကာ လိမ်လည်မှုအမျိုးမျိုးပြုလုပ်နေကြရာတွင် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ အချိန်မရွေး သားကောင်ဘဝကျရောက်သွားနိုင်သဖြင့် "No one is immune to trafficking" ဟူ၍ ပြောကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်လေ့ရှိသည့် အွန်လိုင်းလိမ်လည်မှုပုံစံ ၉ မျိုးတွေ့ရှိရပြီး အဓိကအားဖြင့် ငွေကြေးဆိုင်ရာနှင့် တိုက်ရိုက်ပတ်သက်နေပြီး ပစ်မှတ်များမှာ ငွေကြေးချမ်းသာကြွယ်ဝသော နိုင်ငံများအား အဓိကဦးတည်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ မိမိနိုင်ငံတွင်းက ပြည်သူများသည်လည်း လိမ်လည်မှု၏သားကောင်ဖြစ်နေကြပြီး အဆိုပါအွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အတင်းအကျပ်ဖိအားပေးစေခိုင်းခံနေရသည့် Victim များတွင် နိုင်ငံအသီးသီးမှ ပညာတတ်လူငယ်များပါရှိနေသည်ကိုတွေ့ရသည့်အပြင် မြန်မာနိုင်ငံမှလူငယ်အချို့သည်လည်း အာဆီယံဒေသတွင်းနိုင်ငံအချို့တွင် Victim အဖြစ် ရောက်ရှိနေကြပါသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုပြဿနာများနှင့် စပ်လျဉ်းပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှုပိုမိုဖြစ်ပွားသည်ဟူ၍လည်းကောင်း၊ ဆင်းရဲနွမ်းပါး၍ ပညာရည်နိမ့်ပါးသူများသာ လူကုန်ကူးမှုကိုခံကြရသည်ဟူ၍လည်းကောင်း ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသည့် နိုင်ငံများသည်လည်း လူကုန်ကူးမှုပြဿနာနှင့် မကင်းသည့်အပြင် လူကုန်ကူးခံရသူများတွင် ပညာတတ်များလည်းပါဝင်လျက်ရှိရာ လူကုန်ကူးမှုသည် အခြားမမျှော်မှန်းနိုင်သောအကြောင်းများအပေါ် အခြေခံလျက်ရှိပါသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွယ်သောလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီရေးဆွဲခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၄ သို့ ➢

➪ လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များအားအလေးဂရုပြု၍ အကာအကွယ်နှင့် အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပျောက်စေခြင်း၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အားလူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ် . . .

ထို့အတူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမ ၅ နှစ်စီမံကိန်း (၂၀၀၇-၂၀၁၁)၊ ဒုတိယ ၅ နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)၊ တတိယ ၅ နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)များနှင့် နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပြီး လက်ရှိတွင် စတုတ္ထ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိမြန်မာအမျိုးသမီးများကို မိမိနိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည့် အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကိုဖော်ထုတ်ရရှိနေပြီး မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန် ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကိုလက်တစ်လုံးခြားလုပ်နေသူများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်းအထိ လက်ထပ်ရန် လာရောက်စည်းရုံးခဲ့သည့် ဖြစ်စဉ်များနှင့်အတူ Online မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ပါသည်။


မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလွဲလွဲဝေကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါ်အေးသီတာမျိုး ဒုတိယညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးသက်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန



➢ စာမျက်နှာ ၃ မှအဆက်

ပြစ်မှုကျူးလွန်သူများသည် တိုးတက်လာသော နည်းပညာများကို အခြေခံကာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာတားဆီးထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်းနှင့် ကျူးလွန်သူများကို ပြင်းထန်ထိရောက်သည့် အပြစ်ပေးအရေးယူမှုများပြုခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ၅ နှစ်စီမံကိန်းများ၏ အားနည်းချက်/အားသာချက်များ၊ နည်းပညာတိုးတက်မှု၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံသစ်များ၊ လမ်းကြောင်းများ၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော အလေ့အထများအပေါ် အခြေခံ၍ ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များအား အလေးဂရုပြု၍ အကာအကွယ်နှင့် အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေခြင်း၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အားလူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့"** ဆိုသည့်အတိုင်း မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော ခေါင်းပုံဖြတ်မှုများအား အဆုံးသတ်နိုင်ရေးအတွက် ပြည်သူလူထု၏ သတင်းပေးကူညီမှုများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူကုန်ကူးမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ခြင်းအားဖြင့် လူကုန်ကူးမှုများကို အောင်မြင်စွာတားဆီးကာကွယ်တိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှု ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၂

နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(နောင်ချို)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ သင်ယူနေမှုများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးပြီး မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောပိုးအိတ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ စသည်တို့ကို ပေးအပ်သည်။



ထို့နောက် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးမှူးများ၊ နောင်ချိုမြို့ပေါ်ရှိကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက နောင်ချိုမြို့တွင် ကျောင်းများပြန်လည်ဖွင့်လှစ်သည်မှာ အချိန်ကာလတိုတောင်းသော်လည်း ပြန်လည်ဖွင့်လှစ်သည့်ကျောင်းအရေအတွက်နှင့် ပြန်လည်တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်သည် တစ်နေ့ထက်တစ်နေ့ ပုံမှန်တိုးတက်နေသည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပိတ်ထားသည့်ကျောင်းများ ပြန်လည်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်က သက်ဆိုင်ရာအတန်းအလိုက် အခမဲ့ပေးဝေသည့် ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသည့် သင်ထောက်ကူပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူအားလုံးထံသို့ လက်ဝယ်အရောက် အပြည့်အစုံပေးဝေကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စာတတ်အောင်သင်ပေးရန်၊ အားကစားနှင့်ကာယပညာလေ့ကျင့်မှုများ စာသင်ချိန်အလိုက် ဆောင်ရွက်ကြရန်နှင့် ကျောင်းစာကြည့်တိုက်များကို အကျိုးရှိထိရောက်အောင်အသုံးချဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နောင်ချိုမြို့နယ် အခြေခံပညာမူလတန်းကျောင်း (ဘော်ရွာ/ရွှေညောင်ပင်)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(အုမ္မသီး)၊ အခြေခံပညာအလယ်တန်းကျောင်း(ရေဝင်-ပင်စုံ)၊ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝက်ဝံ)နှင့် အခြေခံပညာအထက်တန်းကျောင်း(မိုးကြိုးပစ်ရွာ)များကို သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈၆)

၁၂-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၈၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးစုစည်းပြီး မိသားစုစိတ်ဓာတ်ဖြင့် ပေါင်းစည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများကို အခြေခံ၍ အရည်အသွေးပြည့်မီသော ပို့ကုန်များကို ဦးစားပေးထုတ်လုပ်ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးကဏ္ဍာတွင် စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် ပို့ကုန်များကို Value Added ပြုလုပ်၍ ဦးစားပေး ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းများပေးနိုင်မည်ဖြစ်ကြောင်း။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သလို ဥပဒေဆိုင်ရာကိစ္စများကို အသိပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းအဖွဲ့များအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ မိမိတို့၏ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကိစ္စရပ်များကို ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်များက အဖွဲ့၏ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အခက်အခဲနှင့်လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် စာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုံစ်နိုင်ငံသို့ တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့် လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့် လမ်းပြမြေပုံရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဌာနမှူးများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များက Virtual ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သော ဈေးကွက်အခွင့်အလမ်းနှင့်စပ်လျဉ်း၍ သိရှိပြီး ဈေးကွက်ထိုးဖောက်ရရှိနိုင်စေရန်အတွက် ဈေးကွက်အသိပညာပေးခြင်း၊ လိုအပ်သော သတင်းအချက်အလက်များ၊ အတွေ့အကြုံ ဗဟုသုတများကို ပံ့ပိုးပေးရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ကောင်းမွန်သည့်အတွေ့အကြုံကောင်းများကို အသိပညာပေးမျှဝေဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင် မြန်မာ့အပူပိုင်းဒေသမှ စိုက်ပျိုးရေးထုတ်ကုန်များအနက်မှ အလားအလာအရှိဆုံးထုတ်ကုန်သုံးမျိုးမှ ငါးမျိုးကိုရွေးချယ်၍ ဘယ်လာရုစ်နိုင်ငံသို့တင်ပို့နိုင်သည်အထိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးမှ ပိုင်းဝန်းကြိုးပမ်း၍ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လက်တွေ့ကျသောလမ်းပြမြေပုံကို တက်ရောက်လာသော ဘာသာရပ်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များကို အုပ်စုလေးခွဲ၍ပိုင်းဝန်းဆွေးနွေးပြီးအုပ်စုအလိုက် ရရှိသည့် ရလဒ်များအပေါ် ထပ်မံသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

လမ်းပြမြေပုံရေးဆွဲပြီးပါက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌသို့တင်ပြ၍ လမ်းပြမြေပုံနှင့်အညီ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်ဈေးကွက်သို့ အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ ပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကမြန်မာ့အပူပိုင်းဒေသစိုက်ပျိုးရေးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေး အသိပညာပေးရေးနှင့် လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ အချက်အလက်များနှင့် အခွင့်အလမ်းများ၊ ဘယ်လာရုစ်နိုင်ငံသို့ မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးထုတ်ကုန်များတင်ပို့ရာတွင် လိုအပ်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်မှုဆိုင်ရာလိုအပ်မည့်အချက်အလက်များနှင့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့အပူပိုင်းဒေသ စိုက်ပျိုးထုတ်ကုန်များကို ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေး လမ်းပြမြေပုံဖော်ထုတ်ရေးဆွဲနိုင်ရေး၊ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးတို့ကို အုပ်စုဖွဲ့ဆွေးနွေးကြပြီး ဆွေးနွေးရရှိမှုရလဒ်များအပေါ် သုံးသပ်တင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ယင်းနောက် စစ်ရေးပြမှုးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင် အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုထွက်ခွာကြသည်။


ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသမီး (မီတာ ၁၀၀) တန်းကျော်အပြေးပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသား/အမျိုးသမီး(မီတာ ၁၀၀)အပြေးပြိုင်ပွဲ(လူရွှေးပွဲ)နှင့်အမျိုးသား/အမျိုးသမီး (မီတာ ၄၀၀) ၄ ယောက်တွဲလက်ဆင့်ကမ်းပြိုင်ပွဲ (လူရွှေးပွဲ)များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများ

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု





တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသမီး (မီတာ ၁၀၀)တန်းကျော်အပြေးပြိုင်ပွဲ (ဗိုလ်လုပွဲ)ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။











၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ၌ အားကစားသမားများယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

အောက်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှုးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။

ထို့နောက် စစ်ရေးပြမှုးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင် ဥက္ကဋ္ဌ တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

အား စက်တင်ဘာလ ၁၆ ရက်နေ့အထိ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ဝါကျလက်သမားကောင်းများ၏ အယူအဆတစ်ခုမှာ ဝါကျရှည်ကြီးများချည်း ဆက်ခါဆက်ခါ ရေးထားသည့်အခါ စာဖတ်သူသည် (မှတ်ရဖန်များသည်နှင့်) ပင်ပန်းသွားတတ်သောကြောင့် ဝါကျတို လေးများအားဖြင့် အနားပေးသင့်သည်ဟုဆိုကြ၏။ ဟုတ်သလို လိုတော့ရှိပါ၏။ သို့ရာတွင် ဝါကျလက်သမားကောင်းတစ်ယောက်၏ စာကို ဖတ်ရသည့်အခါ (ရှည်သင့်၍ ရှည်ရခြင်းဖြစ်ခဲ့လျှင်) စာဖတ်သူသည် တပင်တပန်းကြိုးစား၍ မှတ်ထားဖို့မလိုဘဲ ဝါကျမဆုံးမချင်းဖတ်ခဲ့ပြီးသော အဓိပ္ပာယ်များသည် စာဖတ်သူ၏ ဦးခေါင်းထဲတွင် ကပ်၍ လိုက်ပါလာတတ်ပေသည်။ ဤအချက်သည် ဝါကျကောင်း၊ မကောင်း ဆန်းစစ်သောနည်းတစ်နည်းဖြစ်၏။ အဓိပ္ပာယ်သည် သူ့အချိတ်အဆက်နှင့်သူ ဦးခေါင်းထဲ၌ လိုက်ပါနေခဲ့လျှင် ဝါကျရှည်သော်လည်း မမှေနိုင်ဘဲ ရှိတတ်၏။ ဖတ်ရင်းမှေကုန်သော ဝါကျမျိုးကား ဝါကျရှည်လွန်းခြင်း၊ သို့မဟုတ် ညံ့ဖျင်းသောလက်သမား၏လက်ရာဖြစ်ခြင်း ထင်ရှားလေသည်။ ဝါကျလက်သမားအတတ်၌ မကျွမ်းကျင်သေးသူတို့အဖို့မှာကား တိုတိုရေးခြင်းသည် အန္တရာယ်ကင်းသည်ဟု ဆိုသင့်ပေသည်။

သမ္မန္တအသုံး

တချို့စာရေးဆရာများသည် သမ္မန္တအသုံးနှင့်ပတ်သက်၍ အမှတ်တမဲ့ သဘောထားကြခြင်းကိုတွေ့ရ၏။ ဝါကျတစ်ခုတည်းအတွင်း အဆင်တူသော သမ္မန္တတစ်ခုထက်ပို၍ မသုံးမိစေရန် ကျွန်ုပ်အမြဲသတိထား၏။ ပြီးလျှင် များဖြစ်စေ၊ ၍များဖြစ်စေ၊ ရာများဖြစ်စေ တစ်ခုထက်ပိုသုံးသည့်ဝါကျမျိုးကို ဖတ်ရသည့်အခါ ကျွန်ုပ်အဖို့တွင် နားကလော လှ၏။ (တစ်ခါတစ်ရံ ပြန်ဖတ်ဖို့ အချိန်မရှိသောစာများ၌ ကျွန်ုပ်ကိုယ်တိုင်လည်း မှားတတ်ခြင်းကို ဝန်ခံပါသည်။) ဤအပြစ်မျိုးမှာ အရပ်သားများ မှားချင်မှားကြပါစေ။ စာရေးဆရာတစ်ယောက်အနေဖြင့် ခဏခဏမှားခြင်းမူကား မဖြစ်ကြစေဖို့ သတိပေးလို၏။ ပြီးလျှင် တစ်ခုသုံးပြီးနောက် '၍' သို့မဟုတ် 'ရာ' စသော သမ္မန္တမျိုးခြားပြီးမှ 'ပြီးလျှင်' ကို ပြန်ကောက်လျှင် ခံသာပါသေး၏။ ပြီးလျှင် နှစ်ခုဆက်၍ သုံးခြင်းကား အထူးအသံဆိုးလှသည်။

အသုံးများသော "ရာ"

'ရာ' ဟူသော သမ္မန္တအကြောင်းကို အထူးတလည်ဖော်ပြလိုသေး၏။ 'ရာ' ဟူသည်မှာ ဝါကျဆုံးမည်ဆိုက အဆုံးသတ်နိုင်ပါလျက် တမင်ဆက်၍ ရေးချင်သေးသဖြင့် အသုံးပြုသောသမ္မန္တဖြစ်၏။ 'ရာ' ကိုဖြုတ်ပြီး '၏'ကိုသုံးလျှင် ဖြစ်နိုင်ခြင်းတို့ တွေ့ရပေလိမ့်မည်။ သို့ရာတွင် ဝါကျတို လွန်းမည်ထင်သောကြောင့် အဆုံးမသတ်သေးဘဲ 'ရာ' နှင့် ဆက်ယူခြင်းဖြစ်လေသည်။ အတော်အတန်သုံးလျှင် ကိစ္စမရှိ။ တချို့မှာမူ ဝါကျတစ်ခုတွင် တစ် 'ရာ' နှစ် 'ရာ' သုံး 'ရာ' တိုင်အောင် တစ်ခုပြီးတစ်ခု သုံးခြင်းအားဖြင့် စာဖတ်သူ၏နားကို ညှဉ်းပန်းနှိပ်စက်တတ်ကြ၏။ မြန်မာဘာသာ၌ဖြစ်စေ၊ အင်္ဂလိပ်ဘာသာ၌ဖြစ်စေ ကြိယာတစ်ခုတည်းပါသည့် ဝါကျမျိုး (Simple Sentences) ချည်း ရေးသွားလျှင် 'နား' အောင့်တတ်သည်ဖြစ်၍ သမ္မန္တများသုံးကာ နားသက်သာအောင်လုပ်ပေးရ၏။ သို့ရာတွင် 'ရာ'တွေ များလွန်းလျှင်လည်း ငြီးငွေ့လာတတ်ပြန်လေသည်။

**"ဝါကျတစ်ခုအဆုံးသတ်ပြီး နောက်တစ်ခုအစပြုသည့်အခါ 'သို့ဖြစ်လေရာ'ဟူသော စကားလုံးဖြင့် အစပြုခြင်းသည် ခွန်အားနည်းသော ဝါကျမျိုး တည်ဆောက်စေဖို့ အလေ့အကျင့်ကို ပျိုးထောင်ခြင်းဖြစ်၏။ တစ်သက်ပတ်လုံး ကျွန်ုပ်စာရေးခဲ့သမျှတွင် 'သို့ဖြစ်လေရာ' ဟူသော စကားလုံးကို တစ်ခါမျှ အသုံးပြုခဲ့ဖူးသည်ဟု မမှတ်မိပါ။ 'သို့ဖြစ်၍' သော်လည်းကောင်း၊ ခံ့ချင်လျှင် 'သို့ဖြစ်ရကား' ဟူ၍လည်းကောင်း သုံးဖူးပါ၏။ 'သို့ဖြစ်လေရာ' ဟူသော စကားကိုမူ မသုံးခဲ့ဖူးပါ။ ဤနှစ်ခုသည် အဓိပ္ပာယ်ခြားနားခြင်းရှိ၏။ 'သို့ဖြစ်ရကား' ဟူသောစကားသည် အကြောင်းတရားအဖြစ်နှင့် အထက်တွင်ဖော်ပြခဲ့ပြီးသမျှကို ထောက်ထားပြီး အကျိုးတရားကို ဖော်ပြတော့မည်ဟု ဟန်ပြင်လိုက်ခြင်းဖြစ်၏။ 'သို့ဖြစ်လေရာ'ဟူသည်မှာကား အထက်မှ ဝါကျဆုံးပုံ နေရာမကျခြင်းကြောင့် ဘာမျှအဓိပ္ပာယ်ထူးမရှိဘဲ 'တုံး'ခုပေးရခြင်းဖြစ်၏။ ကျွန်ုပ်၏စာများတွင် သို့ဖြစ်လေရာဟူသောစကားလုံးခုပေးဖို့ လိုသောနေရာဟူ၍ မတွေ့ရဖူးပါ။ ကျွန်ုပ်က ချထားခဲ့သည်ဆိုပြီး ထည့်ပေးလျှင်လည်း ဝင်မည်မဟုတ်။ အပိုသက်သက်ဖြစ်နေပေလိမ့်မည်။ တချို့လူများ၏ စာ၌မူ 'သို့ဖြစ်လေရာ' ဟူသော စကားလုံးကို သုံးထားသည့်အခါ ဖြုတ်ပစ်၍မရ။ ဖြုတ်လိုက်လျှင် ဟာလာဟင်းလင်းကြီးဖြစ်သွားနိုင်၏။ ကျွန်ုပ်အဖို့ရာ၌ 'သို့ဖြစ်လေရာ'ဟူသော စကားလုံးမလို။ တချို့လူများအတွက်မှာ သို့ဖြစ်လေရာ စကားလုံးသည် တကယ်ပင်လို၏။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။

ကြိုတင်ပြင်ဆင်မှု

ဤအကြောင်းကို နားလည်အောင်ရှင်းပြရန်မှာ မလွယ်ကူလှသော်လည်း ရေးမိသောလက်စရှိနေပြီဖြစ်၍ တတ်နိုင်သမျှကြိုးစားပြီး ရှင်းပြပါမည်။ ကျင်လည်သောဝါကျလက်သမားသည် စာရေးသည့်အခါတွင် ဝါကျတစ်ခုဆုံးခါနီး၌ ရှေ့ဝါကျအတွက် စိတ်ထဲက ကြိုတင်ပြင်ဆင်ထားတတ်၏။ ကြိုတင်ပြင်ဆင်သည်ဆိုရာ၌ အဓိပ္ပာယ်အရဖြစ်စေ၊ စာဟန်အရဖြစ်စေ ကြိုတင်ပြင်ဆင်မှုရှိရ၏။ ဥပမာ ရှေ့တစ်လှမ်းတွင် ချိုင့်တစ်ခုကို မြင်ထားသောလမ်းလျှောက်သမားသည် ထိုချိုင့်ကို မကျော်ရမီကတည်းက ခြေထောက်ကို ဟန့်ပြင်ထားရသကဲ့သို့ပင်။ ထို့အတူ ကျင်လည်သော ဝါကျလက်သမားသည်လည်း မိမိရေးနေသည့် ဝါကျဆုံးခါနီးသည်ကို သိသည်ဖြစ်၍ စိတ်ထဲ၌ ကြိုတင်ပြင်ဆင်မှုရှိထားသည့်အတွက်ကြောင့် 'သို့ဖြစ်လေရာ' တည်းဟူသော တုံးခုပေးဖို့ မလိုတော့ချေ။ ထိုကဲ့သို့ ပြင်ဆင်မှုမရှိသော စာရေးဆရာအဖို့မှာမူ တုံးမခုလျှင် ဟပ်ထိုးဖြစ်သွားပြီး စာမချောဘဲဖြစ်တတ်လေသည်။ 'သို့ဖြစ်လေရာ' ဟူသော စကားလုံးသည် ရှုပ်သည်ဆိုပြီး ဖြုတ်ပစ်၍ ရသည်မဟုတ်။ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ဇွတ်အဓမ္မဖြုတ်ပစ်ခဲ့ပါလျှင် စာဖတ်သူအဖို့၌ လမ်းလျှောက်ရင်း ချိုင့်ထဲသို့ အမှတ်မဲ့ခြေထောက်ကျသွားသည့်နယ်ဟာခနဲ၊ နင့်ခနဲ ဖြစ်သွားတတ်ပေသည်။ တချို့စာရေးဆရာများသည် 'အကျင့်ကြီးပါ' နေတတ်၍ 'သို့ဖြစ်လေရာ' ဟူသော စကားလုံးကို ခဏခဏသုံးရသောအဖြစ်မျိုးသို့ ရောက်သွားကြရလေသည်။ ကျွန်ုပ်၏အဆုံးအဖြတ်ကား ခေါင်းကြီးတစ်ပုဒ်လောက်အတွင်း 'သို့ဖြစ်လေရာ' တစ်ခုထက်ပို၍ပါခဲ့လျှင် ကျွန်ုပ်၏ ဝါကျလက်သမားကျောင်းမှ အောင်လက်မှတ်ရလိမ့်မည်မဟုတ်ချေ။

ခွန်အားရှိသောစာမျိုး

ဤလက်ထက်၌ များစွာသောစာရေးဆရာတို့သည် 'ခွန်အားရှိသောစာ' (Forceful Language) ဟူသည်မှာ ဘာကိုဆိုလိုသည်ဟု နားလည်ရှာကြပုံမရချေ။ 'ခွန်အားရှိသောစာ' မျိုးရေးတတ်ဖို့မှာ (၁) ရေးလိုသည့်အကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ (၂) အချက်ကျကျ ရေးတတ်ခြင်း၊ (၀ါ) သင့်တော်သောစကားလုံးကို ရွေးချယ်တတ်ခြင်း၊ (၃) ကြံ့ခိုင်ကျစ်လျစ်သောဝါကျမျိုး တည်ဆောက်တတ်ခြင်းတို့ လိုအပ်ပေသည်။

(၁) တချို့လူများသည် အကြောင်းအရာတစ်ခုကို ကောင်းစွာနားမလည်ပါဘဲလျက် ကိုယ့်ဘာသာကိုယ်နားလည်ပြီအထင်နှင့် ရေးချင်ပြောချင်တတ်ကြ၏။ သာမန်ကာလျှံကာမျှလောက် သိထားခြင်းကို တကယ်သိထင်ကြ၍ ဖြန်းသန်းကာ ရေးတတ်ပြောတတ်ကြ၏။ မိမိတို့ကိုယ်၌က ဝိုးတိုးဝါးတားဖြစ်နေသေးသောအသိမျိုးကိုပင် အဟုတ်သိထင်ပြီး မပိုင်နိုင်ဘဲလျက်နှင့် ပိုင်နိုင်လေဟန်ရေးတတ်ပြောတတ်ကြ၏။

ဆက်လက်ဖော်ပြပါမည်။

လှည်းကူးမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ကာယ ဥဏ္ဍာပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ကာယ၊ ဥဏ္ဍာပြိုင်ပွဲများကို စက်တင်ဘာလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့က အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ရန်ကင်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲ၊ ဥဏ္ဍာစမ်းပဟေဠိပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များ အသိပညာဗဟုသုတရရှိစေရန် လူကုန်ကူးမှုအန္တရာယ်တို့ကာကွယ်၊ ကလေးအလုပ်သမားပယ်ဖျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်/စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



အေးအေးနွဲ့(လှည်းကူး)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ မလေးရှားနိုင်ငံ၊ မလက္ကာမြို့၌ကျင်းပသည့် (၁၉) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာအာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ [19th ASEAN Ministerial Meeting on Transnational Crime (AMMTC) and its Related Meetings] သို့တက်ရောက်ခဲ့ပြီး ယနေ့ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် (၁၉) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ [19th ASEAN Ministerial Meeting on Transnational Crime (AMMTC) and its Related Meetings] သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(၁၉) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို မလေးရှားနိုင်ငံ၊ မလက္ကာမြို့ရှိ DoubleTree by Hilton ဟိုတယ်၌ စက်တင်ဘာလ ၉ ရက် ညနေ ၄ နာရီခွဲတွင်ကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တိုမောလက်စ်တေနိုင်ငံတို့မှ AMMTC ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn (ဒေါက်တာကာအိုကင်ဟွန်) က အမှာစကားပြောကြားခြင်း၊ အိမ်ရှင် မလေးရှားနိုင်ငံ၏ AMMTC ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Datuk Seri Saifuddin Nasution bin Ismail (မစ္စတာ ဒါတွတ် ဆရီ ဆိုင်ဖူဒင် နဆူးရှင်း ဘင် အစ္စမေးလ်) က အဖွင့်အမှာစကားပြောကြားခြင်း၊ အထူးဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် Mr. Anwar bin Ibrahim (မစ္စတာ အန်ဝါ ဘင် အီဘရာဟင်) က အဖွင့်မိန့်ခွန်း ပြောကြားခြင်း၊ မလေးရှားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခြင်းတို့ကို ပြုလုပ်ခဲ့ပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ AMMTC ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

စက်တင်ဘာလ ၉ ရက်တွင် (၁၉) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို လည်းကောင်း၊ စက်တင်ဘာလ ၁၀ ရက်တွင် (၁၉) ကြိမ်မြောက် AMMTC အစည်းအဝေးကိုလည်းကောင်း၊ စက်တင်ဘာလ ၁၁ ရက်တွင် အာဆီယံ၏ဆွေးနွေးဖက် နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား ၃ နိုင်ငံတို့နှင့် (၁၅) ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ (၁၂) ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ (၁၀) ကြိမ်မြောက် AMMTC + Japan အစည်းအဝေး၊ (၆) ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကိုလည်းကောင်း Double Tree by Hilton ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပခဲ့သည်။

(၁၉) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် အမျိုးသားအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်နေမှု၊ အာဆီယံနှင့်ဆွေးနွေးဖက် နိုင်ငံများအကြား နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ တည်ထောင်ရေး သဘောတရားစာတမ်း၊ အာဆီယံ နယ်စပ်ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ မလက္ကာကြေညာချက်၊ အရှေ့တောင်အာရှဒေသအတွင်း လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်၊ ဆိုက်ဘာမှုခင်းနှင့်အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့်ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုခဲ့ကြသည်။ ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ကျင်းပမည့် (၄၇) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များကြေညာချက်၊ ပြစ်မှုဆိုင်ရာတရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များကြေညာချက်နှင့် အစွန်းရောက်အကြမ်းဖက်မှုကြိုတင်တားဆီးကာကွယ်ရေးအတွက်အားကစားပွဲများပြုလုပ်ပေးရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ ကြေညာချက်တို့ကို အတည်ပြုခဲ့ကြပြီး (၂၀) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ၊ ဆီဘူးမြို့၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။


ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၁°C
ရန်ကုန်	၂၅°C	/	၃၁°C
မန္တလေး	၂၇°C	/	၃၄°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၂၅(စနေနေ့)

၁။ ဝ၆:၀၃ တရားတော်
၂။ ဝ၇:၀၀ မေတ္တာပို့
၃။ ဝ၇:၁၀ ဓမ္မပူဇောတေး
၄။ ဝ၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၅။ ဝ၇:၃၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၆။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၇။ ၁၀:၄၅ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၈။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၉။ ၁၇:၀၀ မြန်မာသံစဉ်ချိုနှားဝင်
၁၀။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၁။ ၁၈:၄၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၂။ ၁၉:၀၀ CGTN Nature အဝိုင်း(၃၂)

သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၂

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရန်အတွက် သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ကျင်းပသည်။

အစည်းအဝေးသို့ သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက လာမည့်လထဲတွင် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် အနှစ်သာရရှိရှိ ခမ်းခမ်းနားနားကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ဖွင့်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲများကျင်းပနေစဉ်အတွင်း တက်ရောက်လာသူများ ကြိုတင်လေ့လာနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှတ်တမ်းများ၊ တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုများနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းဆွေးနွေးပြီး အခမ်းအနားအောင်မြင်ပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ခင်းကျင်းပြသသွားမည့်အစီအစဉ်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာဖိတ်ကြားရေးနှင့် သတင်းများရယူရိုက်ကူးရေး၊ ပါဝင်ဆွေးနွေးကြမည့် ပြည်တွင်းပြည်ပပညာရှင်များအား ဖိတ်ကြားရေး၊ မှတ်တမ်းစာအုပ်များထုတ်ဝေရေးနှင့် သတင်းများရယူထုတ်ပြန်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/၈လ)**

လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့

❖ လူနှင့်လူချင်း၊ မေတ္တာကင်းလျက်
ကိုယ်ချင်းမစာ၊ သိမ်ဖျင်းစွာနှင့်
လိမ်ညာလှည့်စား၊ ရှိန်ဝါကြွား၍
ရိုးသားလျက်သာ၊ ကြိုးစားပါသော
သူငါလူသား၊ ပစ်မှတ်ထားပြီး
အားပေးစည်းရုံး၊ အတွေးလုံးဖြင့်
ကောင်းဆုံးလုပ်ငန်း၊ ရမည်မှန်းကာ
ချမ်းသာဖို့တွေး၊ မျှော်လင့်ပေးသည်
ကျေးဇူးများပင် လွန်စွာတင်။
စည်းရုံးရေးတွင် မူတစ်သွင်။

❖ လူကုန်ကူးမှု၊ သတိပြုရန်
ပြည်သူ့နယ်ပယ်၊ အသိကြွယ်ရေး
ကယ်တင်ပေးလျက်၊ စဉ်တိုက်ဖျက်လည်း
ပျောက်ပျက်လုံးလုံး၊ မပျက်ပြုန်း၍
မဆုံးသံသရာ၊ ပြုံးကမ္ဘာမှာ
သာယာမှုကင်း၊ ဆင်းရဲတွင်းနှင့်
သေမင်းခေါ်ချိန်၊ နေဝင်ချိန်သို့
ကြိမ်ကြိမ်တောင့်တ၊ လာကယ်မဖို့
မျှော်ရသည်မှာ နေ့စဉ်သာ။
သတင်းရကာ ချိန်မကြာ။

❖ ကိုယ်၏အတ္တ၊ လွန်လောဘကြောင့်
မြန်မာ့လူမှု၊ ပျက်စီးမှုတွင်
ပြုကျင့်သူမှာ၊ မသမာဟု
ခါခါဆန့်ကျင်၊ ပတ်ဝန်းကျင်က
တွေ့မြင်ဖော်ထုတ်၊ ပူးပေါင်းလုပ်၍
အုပ်ချုပ်ရေးတွင်၊ ကူညီလျင်သော်
ကုန်စင်ပပျောက်၊ ဝမ်းသာရောက်မည်
လမ်းပျောက်သူတွက် မျှော်လင့်ချက်။
စုပေါင်းတိုက်ဖျက် မပျက်ကွက်။

❖ လူကုန်ကူးကြောင်း၊ ဖြစ်စဉ်ပေါင်းလျှင်
ခေါင်းပုံဖြတ်မှု၊ ထင်ရှားပြုသော်
ဥပဒေများ၊ ထုတ်ပြန်ထားလျက်
များလှပြစ်ဒဏ်၊ ပေးအပ်မှန်လည်း
ဖြစ်ပြန်နေဆဲ၊ ပြုမစဲမို့
စွဲမြဲမှတ်သား၊ လူ့စွမ်းအားနှင့်
တားဆီးကာကွယ် အသိကြွယ်။
ဆိုးရွားအန္တရာယ် လျင်မြန်ပယ်။

❖ လူကုန်ကူးသူ၊ ပြည့်ရန်သူဟု
ထပ်တူထပ်မျှ၊ အသိရလျက်
မြန်မာ့မြေတွင်၊ ကင်းပစင်ရေး
ကြင်နာမှုစုံ၊ စိတ်အာရုံဖြင့်
"လူကုန်ကူးမှု တိုက်ဖျက်ဖို့
ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့"။ ။

(မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုကဗျာ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

ပုဗ္ဗသီရိမြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း (Youth Club) ပညာရေးဌာနတို့နှင့်ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၂ ရက် မွန်းလွဲပိုင်းတွင် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက စာရေးဆရာ အောင်ကိုဦး(UMK)ရေးသားထားသော စိတ်ခွန်အားဖြည့်စာစုများဖြစ်သည့် လူငယ်တွေကိုလမ်းဖွင့်ပေးပါဆိုသည့်ခေါင်းစဉ်ဖြင့်စတင်ဆွေးနွေးကာ တက်ရောက်လာသည့်ကျောင်းသား၊ကျောင်းသူများက ယင်းစာအုပ်မှမိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များကိုရွေးချယ်ဖတ်ကြားဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြောင်းသိရသည်။

(၄၁၃)

MWD Variety Channel
၁၃-၉-၂၀၂၅(စနေနေ့)

၁။ ဝ၉:၂၅ သိမှတ်ဖွယ်ရာသုတကမ္မာ
၂။ ၁၀:၄၀ Knowledge For Everyone
၃။ ၁၁:၃၀ မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင်
၄။ ၁၄:၂၅ သိလိုသမျှကျန်းမာရေးကဏ္ဍာ
၅။ ၁၆:၁၅ ရှင်သန်ရာအနုပညာ
၆။ ၁၇:၄၀ စကားလက်ဆုံ

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့ နံနက်ပိုင်းတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် အွန်လိုင်းဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၏ စာမေးပွဲကာလနီးကပ်လာပြီဖြစ်သည့်အတွက် စာမေးပွဲအောင်မြင်စွာကျင်းပရေး၊ မေးခွန်းများလုံခြုံမှုရှိစေရေး၊ အဖြေလွှာများမပျောက်ပျက်စေရေးနှင့် အမှားအယွင်းကင်းရေးကို အလေးထားဆောင်ရွက်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာစာမေးပွဲဖြေဆိုနိုင်ရေး လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် တက္ကသိုလ်အသီးသီးတွင် စကားဝိုင်းဆွေးနွေးပွဲများနှင့် သုတေသနအလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်၊ ရာထူးတိုး၊ အပြောင်းအရွှေ့များဆောင်ရွက်ခြင်းအတွက် မူဝါဒများချမှတ်ရန်၊ Grade 10, 11, 12 သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ တက္ကသိုလ်စာကြည့်တိုက်များတွင် စာကြည့်တိုက်အသုံးပြုမှုမှတ်တမ်းထားရှိရန်၊ တက္ကသိုလ်ပညာရပ်များအဆင့်မြင့်မားရေး စာကြည့်တိုက်အခြေပြုရန် လိုအပ်သောကြောင့် ချမှတ်ထားသည့် မူဝါဒများအတိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တက်ရောက်လာသူများက တက္ကသိုလ်ပညာရပ်များ အဆင့်မြင့်မားရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်း၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ခရမ်းမြို့နယ်၊ ကရင်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကရင်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဇမ္ဗူအေးကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဇမ္ဗူအေးကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

လှမ်းတိုင်းတင့်ခဲ့၍ ပန်းတိုင်းလည်း ပွင့်အောင်ကြိုးစားကြပါ

ကျော်တေဇ(ဥက္ကလာ)

“ကျွန်တော်တို့နိုင်ငံတော်ရဲ့ရှေ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီမှာမှ ကျွန်တော်တို့က ဒါကိုပဲအငြင်းပွားပြီးတော့မှ ကဏ္ဍာကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှုအသီးအပွင့်တွေဟာ အပြည့်အဝ ခံစားရမှာတော့မဟုတ်ဘူး။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့အတွက်လည်းလိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့လုပ်ဖို့လည်းလိုပါတယ်။ နံပါတ်တစ်အချက်တည်ငြိမ်အေးချမ်းအောင်ကြိုးစားရမယ်။ အတန်းပညာရှိအောင်ကြိုးစားရမယ်။ ပြီးလို့ရှိရင်ပညာရေးနဲ့ပတ်သက်ပြီး ရအောင်မြင့်တင်ပေးရမယ်။ ကျွန်တော်တို့အလုပ်လုပ်ဖို့လိုတယ်။ ဒါတွေလုပ်နိုင်မှသာ ကျွန်တော်တို့ အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာရရှိခဲ့တဲ့ ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ”



ဒီစကားကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025)နဲ့ တရုတ်နိုင်ငံခရီးစဉ်ပြီးမြောက်လို့ အပြန်လေယာဉ်ပေါ်မှာ မီဒီယာတွေကို ဖြေကြားခဲ့တဲ့ စကားထဲက ထုတ်နုတ်ထားတဲ့ဖြေကြားချက်ပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ဒီခရီးစဉ်မှာ နိုင်ငံတော်နဲ့ပြည်သူအတွက် ဘယ်လို ရလဒ်တွေ ပိုင်ဆိုင်ခဲ့သလဲဆိုတာကို စာရေးသူထုတ်နုတ်မျှဝေလိုက်တဲ့စကားလေးက ပိုင်ပိုင်နိုင်နိုင်ညွှန်းဆိုနေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ အစည်းအဝေးနဲ့ ခရီးစဉ်က ရလဒ်ကောင်းတွေ ပိုင်ဆိုင်ခဲ့ပေမယ့် နိုင်ငံတွင်းမှာ ရေကန်အသင့်ကြာအသင့်ဆိုသလို ဖြစ်နေရမယ့် အပိုင်းတွေကိုလည်း နိုင်ငံတော်အကြီးအကဲက မီဒီယာတွေကတစ်ဆင့် ပြည်သူအားလုံးကို သတင်းစကားမျှဝေထားတာကိုလည်း နောက်တစ်ချက်တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ခြေလှမ်းတိုင်းကတင့်ခဲ့ပြီမို့ နိုင်ငံတော်ရဲ့ဘက်စုံကဏ္ဍဖွံ့ဖြိုးရေးဟာလည်း ပန်းများပမာပွင့်လန်းဖို့လိုအပ်လာပြီ မဟုတ်ပါလား။ ဒီပန်းတွေပွင့်ဖို့ဆိုရင်တော့ တိုင်းရင်းသားပြည်သူအားလုံးဟာ တစ်သွေးတည်း တစ်သားတည်းစိတ်နဲ့အားလုံးပူးပေါင်းထမ်းဆောင်ကြဖို့မလိုပေဘူးလားဗျာ။ တီယန်ကျင်းမှာစခဲ့တဲ့ခရီးစဉ်လေးကို ဆက်ပြီးလေ့လာကြည့်ရအောင်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တီယန်ကျင်းမြို့ကို ၂၀၂၅ ခုနှစ် သြဂုတ်လ ၃၀ ရက်မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှာ ရောက်ရှိခဲ့ကြတယ်။ တီယန်ကျင်းမြို့ဟာ တရုတ်နိုင်ငံရဲ့မြောက်ပိုင်းမှာ တည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရောက်ချိန်မှာ လေဆိပ်ကနေစလို့ အဆင့်မြင့်မြင့်ခမ်းခမ်းနားနားနဲ့ကြိုဆိုခဲ့ကြတာကိုတွေ့မြင်ရပါတယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့ တန်ဖိုးထားပြီးနွေးထွေးတဲ့သူတို့နိုင်ငံရဲ့ ကြိုဆိုမှုဟာ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် လန်းဆန်းမှုခံစားချက်တွေကို ပေးစွမ်းနိုင်မယ်လို့ စာရေးသူခံစားမိပါတယ်။ လေဆိပ်ကနေ တည်းခိုရာနေရာတစ်လျှောက် အပြည့်အဝပေးထားတဲ့ လုံခြုံရေးစနစ်ကလည်း နိုင်ငံတော်အကြီးအကဲအပေါ်ထားတဲ့ တန်ဖိုးထားမှု၊ အလေးအနက်ထားမှုတွေကို တစ်ဖက်ကညွှန်းဆိုနေတယ်လို့ ကျွန်တော်တို့အလိုလို သဘောပေါက်နားလည်ကြရမှာပါ။

တီယန်ကျင်းမြို့က Bohai ပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့အဓိကဆိပ်ကမ်းမြို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့တော်အတွက်အရေးကြီးတဲ့ဝင်ပေါက်တစ်ခုအဖြစ် အရေးပါတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေ (၅ မီတာ)ထက် မနည်းသောမြင့်မားသည့် မြေပြန့်လွင်ပြင်တွင်ရှိသောမြို့ဖြစ်ပါတယ်။ အရှေ့ဘက်မှာ ဘိုဟိုင်ခရိုင်၊ အနောက်မြောက်ဘက်မှာ ပေကျင်းမြို့နီစီပယ်နဲ့ မြောက်ဘက်၊ အနောက်ဘက်နဲ့ တောင်ဘက်တို့မှာ ဟေပေပြည်နယ်တို့နဲ့လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။

တီယန်ကျင်း(TIANJIN)မြို့က ပင်လယ်နဲ့နီးကပ်နေပေမယ့် နေ့စဉ်ရာသီအလိုက် အပူချိန်ဟာ သိသိသာသာပြောင်းလဲမှုများလည်းရှိပါတယ်။ နှစ်စဉ်အောက်တိုဘာလကနေ ဧပြီလအထိဟာ ဆောင်းရာသီဖြစ်ပြီး မေလကနေ စက်တင်ဘာလအတွင်းကတော့ နွေရာသီကျရောက်တဲ့ မြို့လည်းဖြစ်ပါတယ်။ ဆောင်းရာသီမှာ အေးမြခြောက်သွေ့တဲ့ ဆိုက်ဘေးရီးယားလေဖိအားနည်းရပ်ဝန်းရဲ့ သက်ရောက်မှုကို အပြည့်အဝခံစားရပါတယ်။ နွေရာသီမှာတော့ မြောက်ပစိဖိတ်သမုဒ္ဒရာရဲ့ ဖိအားမြင့်စနစ်ကြောင့် ပူပြင်းပြီးမိုးရွာတဲ့ရာသီဥတုမျိုးကို သက်ရောက်ပါတယ်။ ဆောင်းရာသီမှာတော့ မိုးရွာသွန်းမှုနည်းပါးပါတယ်။ နှစ်စဉ်ပျမ်းမျှအပူချိန်က ၅၆ ဒီဂရီဖာရင်ဟိုက် ရှိပြီး ဇန်နဝါရီလမှာတော့ ပျမ်းမျှအပူချိန်ဟာ ၂၅ ဒီဂရီဖာရင်ဟိုက်နဲ့ ဇူလိုင်လရဲ့ ပျမ်းမျှအပူချိန်ကတော့ ၈၁ ဒီဂရီဖာရင်ဟိုက်အထိရှိတာကိုတွေ့ရပါတယ်။ တီယန်ကျင်းမြို့မှာ ပြင်းထန်တဲ့ဆောင်းမုန်တိုင်းတွေ အဖြစ်များတာကိုလည်း တွေ့ရပါသေးတယ်။

တီယန်ကျင်းမြို့ပြသည် အရှေ့မှ အနောက်ခုနစ်မိုင်ခန့်နှင့် မြောက်မှတောင်အကွာအဝေးဟာ ကိုးမိုင်ခန့်ကျယ်ဝန်းပါတယ်။ တီယန်ကျင်းမြို့မှာ စီးပွားရေးအားဖြင့် ကုန်ထုတ်လုပ်မှု၊ ဓာတုဗေဒနဲ့ သင်္ဘောတည်ဆောက်ရေးအပါအဝင် အကြီးစားစက်မှုလုပ်ငန်းအတွက် အချက်အချာကျတာကို တွေ့ရပါတယ်။ မြို့အနေနဲ့ အဓိကကူးသန်းရောင်းဝယ်ရေးနဲ့ ငွေကြေးဆိုင်ရာဗဟိုအချက်အချာကျတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။

စီးပွားရေးအားဖြင့် ၁၉၄၉ ခုနှစ်ကတည်းက အကြီးစားစက်မှုလုပ်ငန်းကို တီထွင်ခဲ့ပြီး လက်ရှိတွင်စက်မှုလုပ်ငန်းကို အခြေခံကာ ပိုမိုကောင်းမွန်တဲ့ကုန်ထုတ်စွမ်းအားကို တိုးတက်အောင်ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ မြို့ရဲ့ အဓိကလုပ်ငန်းကြီးများအဖြစ် အကြီးစားစက်ယန္တရားများနဲ့ ဓာတုပစ္စည်းများထုတ်လုပ်ခြင်း၊ သံ၊ သံမဏိနဲ့ သင်္ဘောတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ တီယန်ကျင်းမြို့တော်ရှိ စက်ယန္တရားကြီးများတည်ဆောက်ရေးစက်ရုံအနေနဲ့ တရုတ်နိုင်ငံရဲ့ အကြီးဆုံးသတ္တုတူးဖော်ရေးစက်ကိရိယာများထုတ်လုပ်တာကို လေ့လာတွေ့ရှိရပြီး အခြားထုတ်ကုန်များအနေနဲ့တော့ အထည်အလိပ်များထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးအတွက်ယန္တရားများထုတ်လုပ်ခြင်း၊ စက်ကိရိယာများထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းများ၊ စက်ဘီးများ၊ လယ်ထွန်စက်များ၊ ဓာတ်လှေကားများ၊ ထရပ်ကားများ ထုတ်လုပ်ခြင်း စတဲ့လုပ်ငန်းများရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

မြို့ပြပုံရိပ်များအနေနဲ့ကတော့ Bohai မြစ်က မြို့ကိုဖြတ်သန်းသွားပြီး မြစ်ဘက်လမ်းကြောင်းတစ်လျှောက် အလှဆင်ထားတဲ့ တံတားတွေ၊ လျှပ်စစ်အလင်းအိမ်များနဲ့ လှပတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ယဉ်ကျေးမှုအမှတ်တရနေရာတွေအနေနဲ့ကတော့ Goubuli Baozi ဆိုင်များ (နာမည်ကြီးအစားအသောက်ဆိုင်များ)၊ Tianjin Acient Culture Street ဆိုတဲ့ ယဉ်ကျေးမှုလမ်းနဲ့ Dagu Forts ဆိုတဲ့ သမိုင်းဝင်စစ်တပ်နယ်တို့ပဲဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်နဲ့ ခေတ်သစ်မြို့ပြပုံစံ(skyscrapers, port city)တို့ ပေါင်းစပ်ထားတဲ့ မြို့တော်တစ်ခုဖြစ်တာကိုတွေ့မြင်ရမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်ခဲ့တဲ့ တီယန်ကျင်းမြို့တော်ဟာ တရုတ်နိုင်ငံရဲ့ သမိုင်းအမွေအနှစ်ကြီးများတဲ့ မြို့တစ်မြို့အဖြစ်တည်ရှိနေပါတယ်။ ဒီလိုသမိုင်းအစဉ်အလာကြီးများတဲ့မြို့တော်မှာပဲ SCO ထိပ်သီးအစည်းအဝေးကျင်းပရခြင်းဟာ တရုတ်နိုင်ငံအနေနဲ့ သူတို့ရဲ့အတိတ်သမိုင်းတည်ရှိခဲ့မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ သူတို့အစိုးရနဲ့ပြည်သူတွေရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနဲ့ တရုတ်နိုင်ငံရဲ့ လူသားအရင်းအမြစ်ကောင်းတွေရဲ့ စွမ်းအားကိုထုတ်ဖော်ပြသလိုတာကြောင့်လို့ပဲ စာရေးသူမြင်မိပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping တို့တွေ့ဆုံခြင်း

နိုင်ငံတော်အကြီးအကဲဟာ သြဂုတ်လ ၃၀ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီမှာပဲ တီယန်ကျင်းဧည့်ဂေဟာမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နဲ့ သီးခြားတွေ့ဆုံခဲ့တယ်။ ပြီးနောက်မှာတော့ နှစ်နိုင်ငံအကြီးအကဲနှစ်ဦး ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်နှစ်ဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုရဲ့အကြောင်းအရာလေးတွေနဲ့ ရလဒ်တွေကို စာရေးသူက ဆက်လက်မျှဝေပေးချင်ပါတယ်။

ကနဦးဆွေးနွေးမှုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinpingက ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးနဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို တက်ရောက်အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဆိုတဲ့ နှုတ်ခွန်းဆက်စကားဟာ နှစ်နိုင်ငံကြား အစိုးရချင်းပိုမိုနီးကပ်သွားစေပါတယ်။

“မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း” တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က ပြောခဲ့တာဖြစ်ပါတယ်။ ရင်ချင်းပိုမိုနီးကပ်သွားစေတာကတော့ ဖက်ဆစ်တော်လှန်ရေးမှာပါဝင်ခဲ့တဲ့နိုင်ငံဆိုတာပါပဲ။ ဆိုလိုတာက အဆွေတော်တို့နဲ့ ကျွန်တော်တို့ဟာ အိမ်နီးချင်းဖြစ်ရုံသာမက သမိုင်းမြေခံအစိတ်အပိုင်းအချို့နဲ့သမိုင်းထဲက စွမ်းဆောင်မှုတွေပါတူညီနေတဲ့ နိုင်ငံဖြစ်နေတယ်လို့ ပြောလိုက်တဲ့သဘောပါပဲ။

“တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအျှအသိုက်အဝန်းတည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း”

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ဆက်လက်ပြောကြားခဲ့တာပဲဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးနေတယ်ဆိုရင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်ရေးကို ဆန့်ကျင်နေတဲ့ လက်ရှိပြည်တွင်းပြည်ပကနေလုပ်ဆောင်နေတဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေကိုဆန့်ကျင်ပါတယ်ဆိုတာကို တရားဝင်ပြောလိုက်တာပဲဖြစ်ပါတယ်။ နောက်တစ်ချက်က **မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံတယ်**ဆိုတဲ့အချက်ပါ။

လက်ရှိမြန်မာနိုင်ငံရဲ့ တည်ဆဲအစိုးရဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုတွေအပေါ် သူတို့ထောက်ခံရပ်တည်နေကြောင်း တရားဝင်ချပြလိုက်တာပဲဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ သို့ ↻**

၁ စာမျက်နှာ ၁၁ မှအဆက်

ဒီစကားဟာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စေခြင်းအပြင် ပေါ်ထွက်လာမယ့် အစိုးရသစ်တစ်ရပ်အတွက်လည်း အသိအမှတ်ပြုမယ်ဆိုတဲ့အထိ ခရီးရောက်နေတာကိုလည်း စာဖတ်သူအပေါင်း ကောက်ချက်ချနားလည်ကြဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ အမြဲမြန်မာနိုင်ငံတော်အတွက် ပကတိလိုအပ်ချက်တွေဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေ၊ SCO မှာ ဆွေးနွေးဖက်နိုင်ငံကနေ အဖွဲ့ဝင်နိုင်ငံဖြစ်စေဖို့ ထောက်ခံပေးရေးကိစ္စရပ်တွေ၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်တွေ၊ မန္တလေးမြေငလျင်ကြီးနဲ့ပတ်သက်တဲ့ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်တွေ၊ စီးပွားရေးစင်္ကြံဆိုင်ရာစီမံကိန်းကိစ္စရပ်တွေ၊ နိုင်ငံတကာမျက်နှာစာမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေးမှုတွေ၊ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲအောင်မြင်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့စေလွှတ်ပေးစေလိုမှု စတဲ့နိုင်ငံရဲ့ပကတိလိုအပ်ချက်တွေကို ပြန်လည်ဆွေးနွေးပြီး သတင်းစကားပါးခဲ့နိုင်တာကို တွေ့မြင်ရပါတယ်။

ခရီးရောက်မဆိုက် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့တဲ့ ဆွေးနွေးပွဲအပြီးရလဒ်ဟာ မိမိနိုင်ငံတော်အတွက်သာမက နှစ်နိုင်ငံကြား ရင်းနှီးတဲ့ဆက်ဆံရေးကို အခွန့်ရှည်စေခဲ့ပါတယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံအနေနဲ့ ပြည်တွင်းမှသည် ဒေသတွင်း၊ ထိုမှတစ်ဆင့် နိုင်ငံတကာမျက်နှာစာတိုင် သိကျွမ်းမြင့်မားစွာ ရပ်တည်နိုင်သည်အထိ ကောင်းမွန်တဲ့ရလဒ်တွေကို ရရှိစေခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခြေလှမ်းတိုင်းဟာ တင့်တယ်ဆဲပေါ့ဗျာ။ ဒါဆိုရင် နိုင်ငံတော်ရဲ့ကဏ္ဍစုံဖွံ့ဖြိုးမှုဆိုတဲ့ ပန်းတွေဖူးပွင့်ချိန်ကို စာရေးသူတို့အား လုံးယုံကြည်စောင့်မျှော်နေကြရုံပေါ့။

နိုင်ငံတော်အကြီးအကဲရဲ့ တီယန်ကျင်းမြို့ပေါ်က ခြေလှမ်းတွေကို ဆက်လေ့လာကြည့်ပါစို့။



မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးပွဲ

ဆွေးနွေးပွဲကို နိုင်ငံတော်အကြီးအကဲ၊ အကြီးအကဲနဲ့အတူ လိုက်ပါလာတဲ့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွေ၊ နှစ်နိုင်ငံသံအမတ်ကြီးတွေ၊ မြန်မာနိုင်ငံက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံလိုတဲ့ ပုဂ္ဂိုလ်များနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေ စီးပွားရေးပညာရှင်တွေတက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ဒီဆွေးနွေးပွဲမှာ နိုင်ငံတော်အကြီးအကဲဟာ မြန်မာ-တရုတ် နှစ်နိုင်ငံကြား လက်ရှိ စီးပွားရေးနဲ့ ကုန်သွယ်မှုကဏ္ဍတွေ၊ ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုနဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေ၊ သတ္တုတူးဖော်ရေးကဏ္ဍတွေ၊ EV ကား တပ်ဆင်ထုတ်လုပ်မှုကဏ္ဍတွေ၊ ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း စတဲ့ကဏ္ဍတွေကိုလည်းဆွေးနွေးခဲ့ပါတယ်။

ကုန်သွယ်မှုမှာအရေးပါတဲ့ နိုင်ငံရဲ့ အရှေ့မြောက်ဒေသတွင်းက မန္တလေး-မူဆယ် မီးရထားလမ်းပိုင်းဆိုင်ရာကိစ္စရပ်တွေကိုထပ်ပြီးဆွေးနွေးချပြခဲ့ပါတယ်။ ဒီလိုဆွေးနွေးရာမှာ နိုင်ငံတော်အကြီးအကဲဟာ ကိုယ့်နိုင်ငံရဲ့ မြေပထဝီရဲ့ပါတယ်။ ဒါဟာ နိုင်ငံတော်အကြီးအကဲရဲ့ ခြေလှမ်းတိုင်းပေါ်က ပါးနပ်မှုတွေပါပဲ။

ကဏ္ဍစုံဆွေးနွေးမှုတွေကတစ်ဆင့် စာရေးသူတို့နိုင်ငံမှာ ယနေ့ကြုံတွေ့ခံစားနေရတဲ့ လက်နက်ကိုင်သောင်းကျန်းမှုတွေရဲ့ တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်မှုတွေကိုလည်း မှန်းဆမြင်နိုင်ပါတယ်။ ပြီးတဲ့နောက်မှာတော့ နှစ်နိုင်ငံကြားကဏ္ဍအလိုက်နားလည်မှုစာချွန်လွှာတွေကို အပြန်အလှန်ရေးထိုးခဲ့ကြပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E.Mr. Shri Narendra Modi နှင့်တွေ့ဆုံခြင်း

ညနေ ၅ နာရီမှာ နိုင်ငံတော်အကြီးအကဲအနေနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr.Shri Narendra Modi နဲ့တွေ့ဆုံခဲ့ပြန်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုမှာတော့ နှစ်နိုင်ငံကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ် တွေကိုအောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တာကိုတွေ့ရပြန်ပါတယ်။

ဒါ့အပြင် အိန္ဒိယနိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံမှာကျင်းပမယ့်ရွေးကောက်ပွဲကိုထောက်ခံအားပေးနေမှုနဲ့ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များစေလွှတ်ပေးမှု၊ မြန်မာနိုင်ငံကို SCO အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးအတွက်ထောက်ခံအားပေးနေမှုများကို ဆွေးနွေးခဲ့ပါသေးတယ်။ ဒီလိုတွေ့ဆုံနိုင်မှုက နိုင်ငံတော်အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ သက်ရောက်မှုမျိုးထက် ပိုပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) စတင်ပြီ

အစည်းအဝေးပွဲမှာတော့ တရုတ်-မြန်မာအပါအဝင် အဖွဲ့ဝင်နိုင်ငံတွေ၊ ဆွေးနွေးဖက်နိုင်ငံတွေ၊ အခြားဖိတ်ကြားထားတဲ့ နိုင်ငံတွေ စတဲ့နိုင်ငံပေါင်း ၂၄ နိုင်ငံက နိုင်ငံခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတာကို စာရေးသူတို့ တွေ့မြင်ခဲ့ရတယ်။





အစည်းအဝေးရဲ့ အနှစ်သာရကတော့ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သာယာဝပြောရေးဆိုတဲ့ တူညီတဲ့ဘုံရည်မှန်းချက်ကို ဦးတည်ခဲ့ကြတာပဲဖြစ်ပါတယ်။ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က ကနဦးဆွေးနွေးပြောကြားခဲ့ပြီး ဘီလာရုစ်နိုင်ငံ၊ အီရန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တာဂျစ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊

စာမျက်နှာ ၁၃ သို့ ↻

၁ စာမျက်နှာ ၁၂ မှအဆက်

အာမေးနီးယားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မြန်မာနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ တာဘ်ခ်မင်နစ္စတန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ စတဲ့နိုင်ငံအသီးသီးက သမ္မတများနဲ့ဝန်ကြီးချုပ်များက အလှည့်ကျ ဆွေးနွေးခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

မိမိတို့နိုင်ငံတော်အကြီးအကဲရဲ့ဆွေးနွေးချက်အကျဉ်းအနေနဲ့ကမ္ဘာကြီးမှာဖြစ်ပေါ်နေတဲ့ အင်အားကြီးနိုင်ငံအချို့ရဲ့ နိုင်ငံရေး၊ စစ်ရေး၊စီးပွားရေး၊ဘဏ္ဍာရေးကဏ္ဍတွေမှာ ဖိအားပေးနေတဲ့ကိစ္စရပ်တွေကိုလည်းချပြဆွေးနွေးခဲ့ပါတယ်။ SCO ကတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်တည်ဆောက်ပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေကို ရင်ဆိုင်တုံ့ပြန်နေမှုအခြေအနေများ၊ ဥရောပ-အာရှဒေသများ၏ ခိုင်မြဲသောစည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းညီနှိုင်းဆောင်ရွက်မှုများကို အလေးအနက်ထား ဆွေးနွေးခဲ့ပါတယ်။

ရှန်ဟိုင်းစိတ်ဓာတ်(Shanghai Spirit)ရဲ့ဦးဆောင်မှုနဲ့အတူ အာရှ-ဥရောပကြားငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့သာယာဝပြောရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ဦးတည်ချက်ကို လျှောက်လှမ်းကြဖို့ အကြံပြုဆွေးနွေးခဲ့တာကိုလည်းတွေ့ရပြန်ပါတယ်။ ဆက်လက်ပြီး SCO မူဘောင်များအတွင်းကနေ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုများကိုအခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားဖို့ကိုလည်း အခိုင်အမာဆွေးနွေးခဲ့ပါတယ်။

“အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရအချက်အချာကျသည့် နေရာတွင်တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါတယ်”

ဒါဟာ နိုင်ငံတော်အကြီးအကဲရဲ့ SCO ကတစ်ဆင့် တက်ရောက်လာတဲ့ နိုင်ငံပေါင်း ၂၄ နိုင်ငံရဲ့ ခေါင်းဆောင်တွေ၊ ဖိတ်ကြား၍ တက်ရောက်သူများ ရှေ့မှောက်မှာတင်ပြခဲ့တဲ့ ဆွေးနွေးချက်တစ်ခုဖြစ်တာကို စာရေးသူတို့တွေ့ရပြန်ပါတယ်။ဒီစကားဟာ စာရေးသူမကြာမကြာရေးဖြစ်ပြောဖြစ်နေတဲ့ Heading သို့မဟုတ် အကြောင်းအရာတစ်ခုပါပဲ။ကိုယ့်နိုင်ငံကဘယ်လိုနိုင်ငံမျိုးလဲ၊ ကိုယ့်နိုင်ငံရဲ့ Brand က ဘာလဲ၊ ကိုယ့်ရဲ့ Product တွေက ဘာတွေလဲ၊ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးရပ်တည်မှု အဓိကမဏ္ဍိုင်က ဘာလဲဆိုတာကို နိုင်ငံတော်အကြီးအကဲက အခါအခွင့်သင့်ချိန်မှာ ချိန်သားကိုက် ချပြနိုင်ခဲ့တာဟာ ကောင်းမွန်တဲ့ဆွေးနွေးချက်တစ်ခုဖြစ်ခဲ့ပါတယ်။

ကိုယ့်နိုင်ငံရဲ့ပိုင်ဆိုင်မှု၊ ကိုယ့်နိုင်ငံရဲ့ Brand ကို ပြောသင့်ချပြသင့်သလောက် ချပြထားခြင်းက ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုတဲ့သဘောလည်းသက်ရောက်ပါတယ်။ပြည်ပရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိတ်ဝင်စားပြီး မိမိပြည်တွင်းမှာ သတ်မှတ်မူဘောင်များအတိုင်း လာရောက်လုပ်ကိုင်ကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စီးပွားရေးစွမ်းအား၊ လူသားအရင်းအမြစ်ကောင်းများပိုင်ဆိုင်ရေးစွမ်းအား၊အသိပညာအတတ်ပညာစွမ်းအားနဲ့ နည်းပညာစွမ်းပကားများကလည်း တစ်စတစ်စမြင့်မားတဲ့ရေချိန်တစ်ခုကို ရောက်ရှိလာနိုင်မှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Thongloun Sisoulith တို့တွေ့ဆုံဆွေးနွေးခြင်း

လာအိုသမ္မတနဲ့ တွေ့ဆုံမှုမှာလည်း နိုင်ငံတော်အကြီးအကဲအနေနဲ့ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်တွေ၊ နှစ်နိုင်ငံအစိုးရချင်းချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြင့်တင်ဆောင်ရွက်သွားနိုင်မှုအခြေအနေတွေ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စတဲ့ကဏ္ဍတွေ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမယ့်ကိစ္စတွေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကို အပြန်အလှန်ဆွေးနွေးခဲ့တာကိုကြားသိခဲ့ရပါတယ်။

ရလဒ်ကတော့ ဆွေးနွေးချက်တွေကို သဘောတူလက်ခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်။ မြန်မာနိုင်ငံမှာ မကြာမီကျင်းပမယ့်ရွေးကောက်ပွဲကိုလည်း ထောက်ခံအားပေးတယ်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေလည်း စေလွှတ်ပေးသွားမယ်ဆိုတဲ့အချက်တွေကို ပိုင်ဆိုင်ခဲ့ပါတယ်။ ဆိုလိုတာက လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ရဲ့ ပြည်တွင်းပြည်ပ နိုင်ငံ့အရေးဆောင်ရွက်မှုတွေ၊ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်တွေ၊ ငြိမ်းချမ်းရေးလမ်းစဉ်တွေ၊ ကဏ္ဍစုံဖွံ့ဖြိုးရေးဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုထောက်ခံနေတယ်၊ ရွေးကောက်ပွဲကတစ်ဆင့် ပေါ်ပေါက်လာမယ့် အစိုးရသစ်တစ်ရပ်အထိ အသိအမှတ်ပြုထောက်ခံသွားမယ်ဆိုတဲ့ အခြေအနေအထိ ခရီးပေါက်ခဲ့တာကို ခန့်မှန်းတွက်ဆနိုင်ပါတယ်။

ဆက်လက်ပြီး တီယန်ကျင်းမြို့မှာရှိတဲ့ တီယန်ကျင်းဆိပ်ကမ်းကိုလည်း နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့က သွားရောက်လေ့လာခဲ့ပါသေးတယ်။ ဒီဆိပ်ကမ်းမှာ ထူးခြားတဲ့ စွမ်းဆောင်ရည်ကတော့ AI နည်းပညာနဲ့ ဆိပ်ကမ်းရဲ့လုပ်ငန်းတွေကိုဆောင်ရွက်နေခြင်းပါပဲ။ တရုတ်နိုင်ငံဟာ AI နဲ့ပတ်သက်ရင် ခရီးရှည်တစ်ခုအထိရောက်နေပြီဆိုတာကို နိုင်ငံတော်အကြီးအကဲအနေနဲ့ တွေ့မြင်ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း ခရီးစဉ်အပြန်လေယာဉ်ပေါ်မှာ အင်တာဗျူးဖြေတဲ့အချိန် တရုတ်နိုင်ငံရဲ့ AI နည်းပညာတိုးတက်မှုကို ထုတ်ဖော်ချီးကျူးခဲ့တာပဲဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲဟာ ကိုယ်စားလှယ်အဖွဲ့တွေနဲ့ တီယန်ကျင်းမြို့မှာရှိတဲ့ ဝူဟန်တက္ကသိုလ်ကိုသွားရောက်လေ့လာခဲ့ပါသေးတယ်။ ဝူဟန်တက္ကသိုလ်က ဒုတိယအဓိပတိနဲ့တွေ့ဆုံခဲ့တယ်။ တွေ့ဆုံပြီး ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်တွေ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့ ဝူဟန်တက္ကသိုလ်အနေနဲ့ ကူညီဆောင်ရွက်ပေးနိုင်မှုတွေ၊ နိုင်ငံတကာမှကျောင်းသား၊ ကျောင်းသူများပညာသင်ကြားလျက်ရှိမှုအခြေအနေတွေ၊ နှစ်နိုင်ငံအကြားနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။

ကိုယ့်နိုင်ငံရဲ့ နည်းပညာပိုင်းဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုအလေးထားတတ်တဲ့ အကြီးအကဲရဲ့ရင်တွင်းဆန္ဒတစ်စုံကို ပြည်တွင်း၊ ပြည်ပခရီးစဉ်တိုင်းကသက်သေညွှန်းဆိုနေပါတယ်။ မိဘတွေအပြင်ထွက်တိုင်း **“ဒီအစားအစာလေးက ငါ့သား၊ ငါ့သမီးလေးတွေကြိုက်မှာပဲ၊ ဒီအဝတ်လေးက ငါ့သား၊ ငါ့သမီးလေးနဲ့ဆိုလှမှာပဲ”** ဆိုတဲ့ အတွေး၊ စကားကို မိဘတိုင်း တွေးဖူး၊ ပြောဖူးကြမှာပါ။ **စာရေးသူတို့ နိုင်ငံတော်အကြီးအကဲကလည်း လူသားထဲကလူ၊ မိဘထဲကမိဘပေမို့ ဒီဆန္ဒမွန်လေးကလည်း ရိုးရှင်းပြီး မွန်မြတ်တယ်လို့ ဆိုရမှာပါပဲ။ မြင်အောင်ကြည့်၊ သိအောင်တွေးပြီး ခေါင်းညိတ်ချိန်တန်ရင် ခေါင်းညိတ်လိုက်ဖို့ တိုက်တွန်းလိုပါတယ်။**

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ တီယန်ကျင်းကနေ ဖိတ်ကြားထားတဲ့ မြို့တော်တွေဆီ ခရီးဆက်ကြဦးမှာပါ။ ဒီခရီးစဉ်တစ်ဖြတ်ကိုကြည့်ရင် နိုင်ငံတော်အကြီးအကဲရဲ့ လှမ်းတဲ့ခြေလှမ်းတိုင်းတင့်တယ်ခဲ့ပါတယ်။ ရသင့်ရထိုက်တဲ့အခွင့်အလမ်းတွေ ပိုင်ဆိုင်ခဲ့တယ်။ သို့သော် တချို့သောရလဒ်တွေမှာ ကိုယ့်နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေ ကြိုးစားရမယ့်အပိုင်းလေးတွေကလည်း ယှဉ်တွဲပါလာပြန်ပါတယ်။ ခေတ်မီချင်တယ် ဆိုတာကို ပါးစပ်ကအတန်တန်အော်မြည်နေရုံသက်သက်မရပါ။ ခေတ်မီမီအဆင့်အတန်းမြင့်မြင့်နေချင်ရုံသက်သက် မဖြစ်နိုင်ပါ။ ခေတ်မီချင်ရင် အသိပညာ၊ အတတ်ပညာရှင်တွေဖြစ်အောင် တစ်ဖက်တစ်လမ်းက ကြိုးစားရမယ်ဆိုတဲ့အသိကိုလည်းသိကြရမှာပါ။

အစိုးရနဲ့ပြည်သူ တွဲလက်ညီမှသာ နိုင်ငံတော်အစိုးရရဲ့ လှမ်းတဲ့ခြေလှမ်းတိုင်းဟာ ကမ္ဘာမှာတင့်တယ်မှာဖြစ်ပြီး နိုင်ငံ၊ လူမျိုးတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကလည်း ပန်းတွေလို ပွင့်နိုင်ကြမှာပါလို့ စာပန်းချီခြယ်မှုန်းရေးသားလိုက်ရပါတယ်။ ။

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



ပဲခူး စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ စက်တင်ဘာလ ၁၂ ရက်နံနက်ပိုင်းတွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် (၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများရှိရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းတပ်ဖွဲ့ဝင် ၁၅၀ ဦးကျော် စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် ပံ့ပိုးငွေများပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် လာရောက်သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ရွာငံ စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ စက်တင်ဘာလ ၁၁ ရက် မွန်းလွဲပိုင်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က ကလေးများစာဖတ်နိုင်စွမ်းရည်၊ မှတ်နိုင်စွမ်းရည်ကို စစ်ဆေးခြင်း၊ မိမိတို့ဖတ်မိသမျှ၊ မှတ်သားမိသမျှကို ပြန်လည်မျှဝေတတ်စေရန်နှင့် စာပေ၏တန်ဖိုးကို နားလည်လာ၍ စာဖတ်လိုစိတ်များတိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်၍ သုတ၊ ရသစာအုပ်များကို ငှားရမ်းဖတ်ရှုနေသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဖတ်ရှုထားသည့် စာအုပ်များမှ အသိပညာဗဟုသုတများရရှိသည့် အကြောင်းအရာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမှတ်တရလက်ဆောင်များကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၄၀၅)

★ **စာမျက်နှာ ၁၅ မှအဆက်**

အသက်သွင်းခြင်း၊ သူခိုးဓားရိုးကမ်းခြင်း ပင်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက်ကိုင်တွယ်ကြပ်မတ်သွားရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ခက်ခဲနေမည်ဖြစ်သဖြင့် ပါဝင်ပတ်သက်နေသူများအားလုံးကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်း ဖော်ထုတ်ဖမ်းဆီးရမှုများ များပြားနေဆဲဖြစ်ပြီး ထုတ်လုပ်မှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမရှိစေရေး ဖော်ထုတ်တားဆီးနှိမ်နင်းသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမလုပ်ဆောင်နိုင်မှသာလျှင် ဖြန့်ဖြူးမှုနှင့် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်၍ အွန်လိုင်းလိမ်လည်မှုများကိုလည်း တားဆီးနှိမ်နင်းသွားကြရန် လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံတော်ကို ကောင်းမွန်တိုးတက်အောင် ရည်ရွယ်ဆောင်ရွက်နေကြသူများဖြစ်သဖြင့် ရည်မှန်းချက်များအောင်မြင်စေရေး အားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ **နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်**ပေးကြရန်ပြောကြားလိုကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံ၏စီးပွားရေးတိုးတက်လာအောင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါ်လှမြင့်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၇ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးစောမျိုးမျိုးအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

ဒေါက်တာအေးမောင်ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းအား ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၀၂ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

ဒေါက်တာအေးမောင်ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းအား ပယ်ဖျက်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈ - ၅ - ၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၆/၂၀၂၀) ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင်အား စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ) နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(ဘ)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းသဖြင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (က) အရ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၁၁-၉-၂၀၂၅ ရက်စွဲပါအမိန့်အမှတ်၊ (၇/၂၀၂၅)ဖြင့် ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ) တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကိုကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(ဘ)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန်စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၆/၂၀၂၀)ဖြင့် ဒေါက်တာအေးမောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃ / နခန (နိုင်) ၀၀၉၉၉၉၉]ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ နောင်တွင်ပြုလုပ်သည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ကြေညာထားခြင်းအား ပယ်ဖျက်လိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာမိုဟာမက်မွန် (နာ)ဝါဟူစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များနှင့် နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီးဆောင်ရွက်ပေးသွားကြရန် မှာကြားလို

★ **စာမျက်နှာ ၁၇ မှအဆက်**

ပို့မိုတိုးတက်လာမည်ဖြစ်ပြီ နိုင်ငံစီးပွားရေးအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်းစားသုံးဆီများလုံလောက်စွာထုတ်လုပ်နိုင်ရေးတိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိလုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဇကအထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

ထုတ်ကုန်များပို့မိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကိုပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံစီးပွားရေးမြင့်တင်မှုအတွက် အားလုံးက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်သို့ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ AI စနစ်များကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှလယ်ယာစနစ်ကူးပြောင်းရန်ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသောအဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူလူနေမှုအဆင့်အတန်းကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက်ကောင်းမွန်သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့် ခရီးစဉ်သည်နိုင်ငံအတွက် အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပြီး လေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး ၎င်းလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက်ပိုမိုသာလွန် ကောင်းမွန်သည့် နိုင်ငံများ၏စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လိုကြောင်း။

ဝါး၊ ဝါနှင့်ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင်သာမန်သဘောမျိုးဆောင်ရွက်ခြင်းထက် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ Agro-Base Industries တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနှံ့အပြားတွင် ဝါးများထွက်ရှိကြောင်း၊ ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ ၂၀ နှစ်ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝါးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ဝါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဝါများယခုထက်ပိုမို ထွက်ရှိအောင် စိုက်ပျိုး၍ ဝါမှချည်ထည်နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ရော်ဘာကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းဝါး၊ ဝါနှင့် ရော်ဘာတို့သည် မိမိတို့နိုင်ငံအတွင်းတွင် ရှိထားပြီး၊ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီသွားရန် အသင့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် ကမ္ဘာပေါ်တွင် တန်းဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့်နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနည်းဆုံး အဆင့် အလယ်တန်းအဆင့်အထိတက်ရောက်အောင်မြင်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ စက်မှုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိလာမည်ဖြစ်ကြောင်း၊ စက်မှု စိုက်ပျိုးမွေးမြူရေးအခြေခံပညာကျောင်းများကိုဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့် ပညာရပ် များသင်ကြားရာတွင်လည်း အဆင့်မီသည့် ပညာရေးဖြစ်စေရေး မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင် ပညာသင်ကြားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရေအတွက်ပြည့်မီရေး၊ ကျောင်းများ အဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝ သင်ကြားနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ဥပဓိရုပ်များကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီသည့် အင်္ဂါရုပ်များနှင့် ပြည့်စုံသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှလိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရမှဖွင့်လှစ်ထားသည့် ကျောင်းများသည်ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လို

ကြောင်း၊ ဆရာ၊ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး နိုင်ငံတော်မှတတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့်နီပေါနိုင်ငံအတွင်း ဆူပူမှုများနှင့်ပတ်သက်၍ လေ့လာကြည့်သည့်အခါ ဆိုရှယ်မီဒီယာများအားမှတ်ပုံတင်ရန်ဆောင်ရွက်ခြင်းမှစတင်၍ ဖြစ်ပေါ်လာသည်ဟုသိရှိရကြောင်း၊ သို့သော် အဆိုပါဆူပူမှုမှ ၎င်း၏ နောက်ကွယ်တွင် အင်အားကြီး နိုင်ငံအချို့ပါဝင်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ဆူပူမှုများဖြစ်ပေါ်ခြင်းအပေါ် မိမိတို့နိုင်ငံအတွက် သင်ခန်းစာဖော်ထုတ်ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေး၊ အလုပ်လက်မဲ့များ လျော့ပါးစေရေးနှင့် ပတ်သက်၍လည်း အထူးအလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့သွားရောက် အလုပ်လုပ်ကိုင်ကြသူများများပြားလာပြီး ၎င်းတို့သွားရောက်သည့် နိုင်ငံများမှ ဥပဒေအောက်တွင်နေထိုင်ကြရကြောင်း၊ အချို့ဖိနှိပ်ခံရမှုများရှိသည်ဟုသိရကြောင်း၊ မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင်ပျော်ရွှင်အေးချမ်းစွာဖြင့်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံအားပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ခိုင်မာစွာဖြင့်ဆက်လက်လျှောက်လှမ်းနိုင်ရေး ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး

ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် သိကၡာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွတ်တော်သည်လည်း သိကၡာရှိသည့် လွတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက် လည်းသက်ဆိုင်ရာ လုံခြုံရေးဆိုင်ရာ တာဝန်ရှိညွှန်ကြားရေးအဖွဲ့များက အလေးပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေးအတွက် အဖျက်အမှောင့်လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာ အရေးယူမှုများဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူ ဖြစ်ရန်လိုကြောင်း၊ **ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလို**ကြောင်းဖြင့် ပြောကြားသည်။

အထွေထွေဆွေးနွေးတင်ပြ

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုယ်စားလှယ်လောင်းများလုံခြုံရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်လုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်ရန် လျာထားလျက်ရှိမှု၊ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအား နှောင့်ယှက်သူများကို ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီများ၏ ပါတီဝင်များအား စာရင်းကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဖြစ်ပေါ်ခဲ့သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာရိတ္တမထိုင်များ ထိန်းသိမ်းနိုင်ရေး ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှု၊ သာသနာရေးဆိုင်ရာများတွင် ဝိနည်းနှင့်လျော်ညီမှုမရှိစွာနေထိုင်သည့် သံဃာများနှင့် သီလရှင်များအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသမှ တရားမဝင် ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုဂုံးချုပ်အမှာစကားပြောကြား

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏အချက်အလက်များ၊ ဝန်ထမ်းများ၏အချက်အလက်များသည် ဆိုရှယ်မီဒီယာများ အသုံးပြုမှုမှတစ်ဆင့် လုံခြုံရေးကျိုးပေါက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များသည် တိုက်ရိုက်ကျိုးပေါက်ခြင်း၊ သွယ်ဝိုက်၍ကျိုးပေါက်ခြင်းများဖြင့် တစ်ဦးတစ်ယောက်ချင်းထိခိုက်ခြင်း၊ ဌာနအလိုက်ထိခိုက်ခြင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့် ထိခိုက်ခြင်းများဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာအရ အသိပညာပေးရန်နှင့် ထိထိရောက်ရောက်ကြပ်မတ်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ထိရောက်စွာတားဆီးနှိမ်နင်းသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာနိုင်ငံများနှင့် တိုက်တွန်းပြောဆိုလျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်မှုမရှိဘဲ တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်နေခြင်းသည် ကျားသေကို **စာမျက်နှာ ၁၄ သို့** ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်၊ ယခုအခါနိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာ . . .

❖ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအား လုံး၏ GDP မှာ ဒေါ်လာ ၃၀ ဒသမ ၁၇၁ ထရီလီယံရှိ၊ SCO အဖွဲ့၏ စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်ကိုတွေ့ရ၊ မိမိတို့နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ် . . .

❖ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်ပြင်ဆင်ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ . . .

★ ရှေ့ဖုံးမှအဆက်

အမှုဆောင်ချုပ်ဦးအောင်လင်းဌေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လကုန်ပိုင်းမှစက်တင်ဘာလဆန်းပိုင်းအထိ တရုတ်နိုင်ငံသို့သွားရောက်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အပေါင်းအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနှစ် (၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် ဟောလုံကျန်းပြည်နယ်၊ ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တို့သို့လည်း သွားရောက်လေ့လာခဲ့ကြောင်း။

SCO အစည်းအဝေးနှင့် GGI အချက်(၅)ချက်

ဩစတြေးလျနိုင်ငံက Anduril ကုမ္ပဏီရဲ့အကူအညီနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Ghost Shark Extra Large Autonomous Undersea Vehicle (XL-AUV) ဆိုတဲ့ ရေအောက်သွားမောင်းသူမဲ့ယာဉ်ကို အသုံးပြုနိုင်ဖို့အတွက် သဘောတူစာချုပ်တစ်ခုကို မကြာသေးခင်က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

အဲဒီသဘောတူစာချုပ်အရ လာမယ့် ငါးနှစ်အတွင်း Ghost Shark အမည်ရှိ မောင်းသူမဲ့ယာဉ်များကို လွှဲပြောင်းပေးရေး၊ ထိန်းသိမ်းပေးရေးနဲ့ တိုးတက်မှုများ ဆက်လက်လုပ်ဆောင်ပေးရေးတို့ပါဝင်ပါတယ်။ ပထမဆုံးသော Ghost Shark မောင်းသူမဲ့ယာဉ်ကိုတော့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှာစတင်အသုံးပြုနိုင်မယ်လို့ ရည်မှန်းထားပါတယ်။

Ghost Shark မောင်းသူမဲ့ယာဉ်များက အနာဂတ်ရေပြင်တိုက်ခိုက်မှုအတွက် သာမက တည်ဆောက်နေဆဲဖြစ်တဲ့ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကြားမှာ အဓိကကျတဲ့အခန်းကဏ္ဍကနေပါဝင်နေမှာပါ။ သူမှာ ကိုယ်ပျောက်စွမ်းရည်ရှိတဲ့အပြင် တာဝေးကင်းထောက်လှမ်းရေး၊ ကမ်းရိုးတန်းကာကွယ်ရေးနဲ့တိုက်ခိုက်ရေးများကိုလည်း လုပ်ဆောင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



သင်္ဘောကိုပင် နှစ်ပိုင်းပြတ်သွားစေတဲ့ အမေရိကန်နဲ့နော်ဝေတို့ရဲ့ လက်နက်စမ်းသပ်မှု

အမေရိကန်လေတပ်မှလေယာဉ်များက နော်ဝေလေတပ်နဲ့ပူးပေါင်းပြီး တိကျမှုရှိတဲ့ မျိုးဆက်သစ်လက်နက်စနစ်တစ်ခုကို မကြာသေးမီက လက်တွေ့စမ်းသပ်မှုလုပ်ဆောင်ခဲ့ပါတယ်။ နေရာကတော့ နော်ဝေပင်လယ်ထဲမှာပါ။

ဒီလိုပူးတွဲလေ့ကျင့်စမ်းသပ်မှုမှာ အမေရိကန်လေတပ်မှ အမှတ်(၅၃) တိုက်ခိုက်ရေးအုပ်၊ B-2 Spirit ကိုယ်ပျောက်ဗုံးကြဲလေယာဉ်တစ်စင်း၊ နော်ဝေလေတပ်မှ F-35 တိုက်လေယာဉ်များနဲ့ စစ်သည်များ ပါဝင်ပါတယ်။

အခုလေ့ကျင့်မှုမှာအသုံးပြုခဲ့တဲ့ လက်နက်စနစ်က ပေါင် ၂၀၀၀ အလေးချိန်ရှိ Quicksink အမျိုးအစားရေကြောင်းလက်နက်တစ်ခုဖြစ်ပါတယ်။ အဲဒီလက်နက်စနစ်ရဲ့ပစ်မှတ်ကတော့ ရေပြင်ပေါ်သွားနေတဲ့ စစ်ရေယာဉ်တစ်စင်းဖြစ်ပါတယ်။ အခုစမ်းသပ်မှုမှာ ပစ်မှတ်ဖြစ်နေတဲ့ သင်္ဘောက နှစ်ပိုင်းတောင်ပြတ်သွားတဲ့အထိ ဖြစ်သွားတာကိုမြင်တွေ့ရပါတယ်။

ဒီနေရာမှာ အဓိကအခန်းကဏ္ဍကနေပါဝင်သူက B-2 ဗုံးကြဲလေယာဉ်ပါပဲ။ သူ့အနေနဲ့ တာဝေးသွားနိုင်မှု၊ ရန်သူ့ပိုင်နက်ထဲကိုတိတ်တဆိတ်ဝင်ရောက်နိုင်မှု၊ ပစ်မှတ်ကို တိကျတဲ့ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်နိုင်မှုတို့ကြောင့်ဖြစ်ပါတယ်။ လေတပ်အနေနဲ့ စစ်သင်္ဘောကဲ့သို့သော တန်ဖိုးကြီးစစ်လက်နက်များကို တစ်ချက်တည်းနဲ့ချေမှုန်းနိုင်စေဖို့အတွက် အခုလိုမျိုး တီထွင်လိုက်တာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



အလုံးစုံပြီးသွားပါက တစ်ကီလိုမီတာကျော်အထိမြင့်မယ့် ဆော်ဒီအာရေဗျမှ Jeddah Tower



ပြင်သစ်နိုင်ငံရှိ အီဖယ်တာဝါကို တစ်ခုပြီးတစ်ခုသုံးထပ်ထပ်၊ ပြီးရင်နောက်ထပ် အထပ် ၄၀ ကိုထပ်ထည့်။ ဒါတွေအားလုံးလုပ်ပြီးပြီဆိုရင် တစ်ကီလိုမီတာကျော်တဲ့ အထိအမြင့်ရှိမယ့် တာဝါတစ်လုံးရဲ့ရုပ်လုံးပေါ်လာမှာဖြစ်ပါတယ်။

အခုလိုမျိုး တစ်ကီလိုမီတာအထိ မြင့်မယ့်မိုးမျှော်တိုက်ကြီးဟာ အင်ဂျင်နီယာများရဲ့ အိပ်မက်တစ်ခုဖြစ်ပါတယ်။ အခုတော့ အဲဒီအိပ်မက်တွေက ဆော်ဒီအာရေဗျနိုင်ငံမှာ အမှန်တကယ်ဖြစ်လာပါပြီ။

လက်ရှိအချိန်မှာ ကမ္ဘာ့အမြင့်ဆုံးသော တာဝါက ဆော်ဒီအာရေဗျနိုင်ငံရှိ Burj Kalifa အဆောက်အအုံကြီးဖြစ်ပါတယ်။ သူ့ရဲ့အမြင့်က မီတာ ၁၈၀ ဝန်းကျင်ဖြစ်နေတာကြောင့် လက်ရှိမှာတော့ ကမ္ဘာ့စံချိန်ဝင်နေဆဲဖြစ်ပါတယ်။

တစ်ကီလိုမီတာအမြင့်ရှိတဲ့ မိုးမျှော်တိုက်ကြီးကိုတည်ဆောက်ခြင်းက သာမန်တော့မဖြစ်နိုင်ပါဘူး။ စိန်ခေါ်မှုများစွာရှိနေမှာပါ။ အုတ်မြစ်ချတဲ့နေရာမှာတင် အချင်း ၄ ပေခွဲ၊ ၅ ပေရှိတဲ့ တိုင်အလုံးပေါင်း ၂၇၀ကို အနက် ၃၄၄ ပေအထိရိုက်ထည့်ထားတာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

စတင်အသုံးပြုလို့ရပြီဖြစ်တဲ့ တရုတ်နိုင်ငံမှ ကမ္ဘာ့အရှည်ဆုံး သံမဏိကြိုးဆိုင်းတံတား




တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်ရှိ ကမ္ဘာ့အရှည်ဆုံးဖြစ်လာတဲ့ သံမဏိကြိုးဆိုင်းတံတားကို အများပြည်သူအသုံးပြုဖို့အတွက် စတင်ဖွင့်လှစ်ပေးလိုက်ပါပြီ။ အဲဒီတံတားက ချန်ကျိုးနဲ့တိုင်ကျိုးမြို့တို့ကို ချိတ်ဆက်ပေးထားတဲ့တံတားဖြစ်ပါတယ်။ အရှည်အားဖြင့် ၆ ဒသမ ၄ မိုင်ရှိပါတယ်။ ဒီတံတားကြီးကြောင့် မြို့နှစ်မြို့ကြားခရီးသွားလာမှုအတွက်ကြာမြင့်ချိန်ကို မိနစ် ၈၀ မှ မိနစ် ၂၀ အထိလျှော့ချလိုက်နိုင်ပါတယ်။ ဒီတံတားကြီးကိုတည်ဆောက်ဖို့အတွက် အချိန်ခြောက်နှစ်ယူခဲ့ရပါတယ်။

အဲဒီကြိုးဆိုင်းတံတားကြီးမှာ မော်တော်ယာဉ်များသွားလာဖို့အတွက် အမြန်လမ်းတစ်ခုနဲ့ ပုံမှန်လမ်းတစ်ခုအပြင် မြို့နှစ်မြို့ကိုပြေးဆွဲနေတဲ့ မီးရထားအတွက် လမ်းတစ်ခုတို့ကို ပေါင်းစပ်ထည့်သွင်းထားပါတယ်။ ယန်ဇီမြစ်ပေါ်မှာတည်ဆောက်ထားတဲ့တံတားများအနက် ဒီလိုမျိုးလမ်းအစုံပါတံတားက အခုမှပထမဆုံးဖြစ်ပါတယ်။

ဒီတံတားကြီးကိုတည်ဆောက်ခြင်းက ကမ္ဘာ့စံချိန်အချို့ကိုဝင်သွားရပါတယ်။ အဲဒီထဲကမှ အထင်ရှားဆုံးတစ်ခုက ကမ္ဘာ့ပထမဆုံးအကြီးစား AI ကရိန်းကိုအသုံးပြုထားခြင်းဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

လျှပ်စစ်ဓာတ်အားကိုသိုလှောင်နိုင်တဲ့အပြင် ပြန်လည်ထုတ်ပေးနိုင်တဲ့သက်ရှိဘိလပ်မြေ



ဘိလပ်မြေများသည် ဆောက်လုပ်ရေးလုပ်ငန်းအတွက်သာမက တခြားသောအရာကိုလည်း လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အချက်ကို အားဟက်တက္ကသိုလ်မသူတော သနပညာရှင်များက သက်သေပြလိုက်နိုင်ပါပြီ။ သူတို့သက်သေပြလိုက်နိုင်တဲ့အရာက သက်ရှိဘိလပ်မြေပုံစံကိုဖြစ်ပါတယ်။

သုတေသနပညာရှင်များက လူအများဆုံးအသုံးပြုနေတဲ့ ဘိလပ်မြေထဲမှာ သက်ရှိဇက်တီးရီးယားတွေကို ထည့်သွင်းလိုက်ပါတယ်။ ဒီလိုထည့်သွင်းလိုက်ခြင်းအားဖြင့် လျှပ်စစ်စွမ်းအင်ကိုသိုလှောင်နိုင်တဲ့အဆင့်မြင့်လျှပ်သိုပစ္စည်းများကို ရရှိလာစေပါတယ်။ ဒါ့အပြင် အာဟာရဓာတ်လေးကျွေးလိုက်ရုံနဲ့ သိုလှောင်ထားတဲ့လျှပ်စစ်ဓာတ်အားများကို ထုတ်ယူအသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

သုတေသနပညာရှင်များက အဲဒီသက်ရှိဘိလပ်မြေကို အေးလွန်းတဲ့ပတ်ဝန်းကျင်နဲ့ ပူလွန်းတဲ့ပတ်ဝန်းကျင်တို့မှာစမ်းသပ်ခဲ့တာပါ။ အဲဒီလိုစမ်းသပ်လိုက်ရာ ဘိလပ်မြေများက စွမ်းအင်ကိုသိုလှောင်ပြီး ပြန်ထုတ်ပေးနိုင်နေဆဲဆိုတာကို တွေ့ရှိလိုက်ပါတယ်။ သူတို့ရဲ့စမ်းသပ်မှုမှာ အဲဒီဘိလပ်မြေအသုံးပြုထားတဲ့ အုတ်ခဲခြောက်လုံးက LED မီးလုံးတစ်လုံးကို လင်းစေတဲ့အထိ လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ကြောင်းတွေ့ရှိရပါတယ်။ **Ref: IE**

ကိုထက်

ရုရှားနှင့်ဘယ်လာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်စတင်လုပ်ဆောင်

မော်စကို၊ စစ်ရေးလေ့ကျင့်မှု

ရုရှားနှင့်မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံတို့သည် ၎င်းတို့အကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို စက်တင်ဘာလ ၁၂ ရက်တွင်စတင်ခဲ့ကြောင်းသိရသည်။

Zapad ဟုအမည်ပေးထားသည့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးသည် ရုရှားနိုင်ငံက ၎င်းတို့၏ဝေဟင်ပိုင်နက်ကို ကျော်ဖြတ်၍ ဒရုန်းများကိုတုံ့ပြန်တိုက်ခိုက်ခဲ့သည်ဟု ပိုလန်နိုင်ငံကစွပ်စွဲပြောကြားပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပိုလန်နိုင်ငံ၏အဆိုပါစွပ်စွဲပြောဆိုမှုများသည် ရုရှားတပ်မတော်က ယူကရိန်းနိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေပြီး ယူကရိန်းမြို့ကြီးများအပေါ် ဝေဟင်မှ တိုက်ခိုက်မှုများကိုတိုးမြှင့်နေစဉ် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ရုရှားနှင့်ဘယ်လာရုစ်တို့အကြား ယခုလုပ်ဆောင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးကို ပိုလန်၊ လစ်သူယေးနီးယားနှင့် လတ်ဗီးယားနိုင်ငံတို့က သတိထားစောင့်ကြည့်လျက်ရှိသည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးကို ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တော်၏အရှေ့ဘက်ရှိ ဘိုရီဆော့ဗ်မြို့၌ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရုရှားနှင့်ဘယ်လာရုစ်တို့အကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နေစဉ်အတွင်း ပိုလန်နိုင်ငံက ဘယ်လာရုစ်နိုင်ငံနှင့်ထိစပ်နေသည့်နယ်စပ်ဒေသကိုပိတ်ဆို့ခဲ့ကြောင်းသိရသည်။ **Ref: ST**



အင်ဒိုနီးရှားနိုင်ငံတွင် ပုံမှန်ထက်ပိုမိုများပြားသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးမှုနှင့်ရင်ဆိုင်ရဖွယ်ရှိ



ဂျကာတာ၊ သဘာဝဘေး

အင်ဒိုနီးရှားနိုင်ငံသည် ယခု ၂၀၂၃ ခုနှစ် မိုးရာသီအတွင်း ပုံမှန်ထက်ပိုမိုများပြားသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးမှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု အင်ဒိုနီးရှား မိုးလေဝသအေဂျင်စီက စက်တင်ဘာလ ၁၂ ရက်တွင်ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မိုးရာသီသည် ယခုနှစ် စက်တင်ဘာလတွင်စတင်ပြီး လာမည့် ၂၀၂၄ ခုနှစ် ဧပြီလတွင် အဆုံးသတ်မည်ဖြစ်ရာ ဆူမာတြားနှင့်ဘော်နီယိုကျွန်းတို့တွင် မိုးအများဆုံးရွာသွန်းသည့်ကာလသည် ယခုနှစ် နိုဝင်ဘာလမှစတင်ပြီး ဒီဇင်ဘာလတွင် အဆုံးသတ်မည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဒွီကိုရီကာ ကာနာဝါတီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

အလားတူပင်နိုင်ငံအတွင်းရှိဂျာဗားကျွန်း၊ ဆူလာဝေဆီ၊ မာလူကူနှင့် ပါပူအာကျွန်းတို့တွင် လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ မိုးရေချိန်အများဆုံးရွာသွန်းနိုင်ကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံအတွင်းရှိပြည်သူများအနေဖြင့် မိုးရွာသွန်းမှုများကြောင့် ရေကြီးမည့်အန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပြီး ရေကြီးမှုများသည် ယခုနှစ် နိုဝင်ဘာလနှင့် လာမည့်နှစ် ဖေဖော်ဝါရီလ အကြားဖြစ်ပွားနိုင်ကြောင်း ကာနာဝါတီက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံအတွင်း၌ ယခုလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးရွာသွန်းမှုများကြောင့် ဘာလီကျွန်းမြို့တော် ဒန်ပါဆာမြို့နှင့် အခြားဒေသခြောက်ခုတွင် ရေကြီးမှုများဖြစ်ပွားခဲ့ကာ လူ ၂၄ ဦး သေဆုံးပြီး ရာပေါင်းများစွာမှာ နေအိမ်များ အားစွန့်ခွာခဲ့ရကြောင်းသိရသည်။ **Ref: ST**


အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှ တင်သွင်းလာသည့်ကုန်ပစ္စည်းများအပေါ် အီးယူနှင့် G7 အဖွဲ့ကအခွန်တိုးမြှင့်ကောက်ခံရန် အမေရိကန်ကဆန္ဒရှိ

မော်စကို၊ စီးပွားရေး

အမေရိကန်အစိုးရအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့(အီးယူ)နှင့် စက်မှုအင်အားကြီးခုနစ်နိုင်ငံ(G7)တို့အား အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှတင်သွင်းလာသည့်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ဆန္ဒရှိနေကြောင်း FT သတင်းစာကဖော်ပြသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် ရုရှားနိုင်ငံမှရေနံများကို ဆက်လက်ဝယ်ယူတင်သွင်းနေခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ထရမ့်အစိုးရက ဥရောပသမဂ္ဂနှင့် G7 အဖွဲ့တို့အား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်တွန်းချက်ကို G7 အဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီးများက စက်တင်ဘာလ ၁၂ရက်တွင်အမေရိကန်အစိုးရအဖွဲ့မှအရာရှိများနှင့်ဆွေးနွေးခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံက ရုရှားနိုင်ငံမှရေနံဝယ်ယူမှုကို ငြင်းဆိုမည်ဆိုပါက အိန္ဒိယနှင့်အမေရိကန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို အပြီးသတ်နိုင်မည်ဖြစ်သည်ဟု အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟောင်းဝပ်လက်နစ်က စက်တင်ဘာလ ၁၁ ရက်တွင် CNBC သတင်းဌာနနှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားသည်။



ထို့ပြင် အမေရိကန်အစိုးရသည် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့က ရုရှားနိုင်ငံမှရေနံဝယ်ယူနေမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ယင်းနိုင်ငံများမှ တင်ပို့သည့်ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံသင့်ကြောင်းကို ယခုရက်သတ္တပတ်အစောပိုင်းက ရှင်းလင်းစွာပြောကြားခဲ့ကြောင်း အမေရိကန်အရင်းအမြစ်တစ်ခုက ပြောကြားထားကြောင်းသိရသည်။ **Ref: Ia**

ဂျပန်နိုင်ငံမှဖိလစ်ပိုင်နိုင်ငံသို့ ပျံသန်းလာသည့် အမေရိကန်လေကြောင်းလိုင်းလေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ၊ နှစ်ဦးဒဏ်ရာရ

တိုကျို၊ မတော်တဆမှု

ဂျပန်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ စက်တင်ဘာလ ၁၂ ရက်တွင် ပျံသန်းလာသည့် အမေရိကန်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် United Airlines ပိုင်ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံရှိလေဆိပ်တစ်ခုတွင်အရေးပေါ်ဆင်းသက်ခဲ့ရခြင်းကြောင့် လိုက်ပါလာသည့်ခရီးသည် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း Kyodo သတင်းအေဂျင်စီကထုတ်ပြန်သည်။

အမေရိကန်လေကြောင်းလိုင်းပိုင် Boeing 737 ခရီးသည်တင်လေယာဉ်သည် ဂျပန်နိုင်ငံနာရီတာလေဆိပ်မှထွက်ခွာလာခြင်းဖြစ်ပြီး အရေးပေါ်အခြေအနေကြောင့် အိုဆာကာမြို့ရှိကန်ဆိုင်းလေဆိပ်သို့ ဒေသစံတော်ချိန်ည ၇ နာရီတွင် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း NHK သတင်းဌာနကဖော်ပြသည်။

အဆိုပါခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၄၂ ဦး လိုက်ပါလာခဲ့ပြီး ၎င်းတို့အား လေဆိပ်အာဏာပိုင်အဖွဲ့က ကယ်ဆယ်ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref: ST

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် စက်တပ်လှေတစ်စင်း တိမ်းမှောက်မှုကြောင့် လူ ၁၀၀ ကျော်သေဆုံး

ကင်ရှာဆာ၊ မတော်တဆမှု

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် စက်တပ်လှေတစ်စင်းတိမ်းမှောက်မှုကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ရကြောင်း ဒေသတွင်းအရင်းအမြစ်များက စက်တင်ဘာလ ၁၂ ရက်တွင်ပြောသည်။

အဆိုပါဖြစ်စဉ်သည် အီကွာတယ်ပြည်နယ်အတွင်းရှိ ဆိုလိုနှင့်မာရင်ဂါမြစ်တို့တွင် စက်တင်ဘာလ ၁၀ ရက်ကဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများတွင် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးခန့်ပါဝင်ကြောင်း အာဏာပိုင်အဖွဲ့ကထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

Bokenda အမည်ရှိ အဆိုပါစက်တပ်လှေသည် တင်ဆောင်နိုင်သည့် ဝန်အားထက်ပိုမိုတင်ဆောင်ခဲ့ခြင်းနှင့် ညအချိန်မောင်းနှင်ရခြင်းကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် ညအချိန် လှေမောင်းနှင်သွားလာခြင်းကို အာဏာပိုင်အဖွဲ့ကတားမြစ်ထားကြောင်း သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် စက်တပ်လှေများသည် ဝန်ပိုတင်ဆောင်ခြင်းနှင့် လှေများကိုပြုပြင်ထိန်းသိမ်းရာတွင် အားနည်းချက်များကြောင့် မကြာခဏဆိုသလို လှေနှင့်သင်္ဘောတိမ်းမှောက်မှုများဖြစ်ပွားလေ့ရှိသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဇွန်လအတွင်းကလည်း အီကွာတယ်ပြည်နယ်တွင် သင်္ဘောတစ်စင်းတိမ်းမှောက်မှုကြောင့် အနည်းဆုံး လူ ၄၈ ဦး သေဆုံးခဲ့ရကြောင်းသိရသည်။

Ref: Xinhua

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၆ ရက်**တွင် ဘားအံမြို့၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၃၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၅၆၇၆၆၇၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး၊ Nissan Diesel Tractor Head(၂)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၅၇၆၆၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၄ ရက်**တွင် မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၂၇၁၃၃၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်**တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၉)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၀ ရက်**နေ့တွင် ရပ်စောက်မြို့၊ ကောင်းဘို့ကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၄၆၇၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး၊ Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၄၆၇၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်**နေ့တွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်**နေ့တွင် ရပ်စောက်မြို့၊ ကောင်းဘို့ကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇၆)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၆၂၈၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၂၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Light Truck (၁)စီး၊ Bagan Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၆၁၃၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၇ ရက်နှင့် ၈ ရက်**နေ့တို့တွင် မရမ်းကုန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ထန်းတပင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် အခြားသစ်(၅ ဒသမ၂၆၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၃၃၁)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Dyna Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၀ ရက်**တွင် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အောင်ချမ်းသာရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၂၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၈၃၃၂၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်**တွင် ပုသိမ်မြို့နယ် အတွင်း၌ တရားမဝင် အခြားသစ်(၃ ဒသမ ၀၃၄)တန်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၆၉၄)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်နှင့် ၁၀ ရက်**နေ့တို့တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်း(၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၆၉၃၃၀) ကိုလည်းကောင်း၊ ဘားအံမြို့၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. SML-01 ရေယာဉ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၉၁၀၈၂၆)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၀ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၇၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၆၅၅၉၂၂၂၉)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**မှ သိရသည်။

မြဝတီ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က) ကျေးရွာအုပ်စု၊ ခုတ်ဝကျေးရွာနေ ဝင်းထွန်း၏နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀)အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးယာဉ် ၂ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးရမိကဖင်းများအား သယ်ဆောင်ခိုင်းသူ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က) ကျေးရွာအုပ်စု၊ ခုတ်ဝကျေးရွာနေ ဝင်းထွန်း၏နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀)အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများ၏ ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့နယ်၊ လွန်ကျိုင်းကျေးရွာနေ အိုက်မုန်း(ခ)အိုက်နန်မုန့် (ဖမ်းဆီးရန်ကျန်)သည် မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်အတွင်းသို့ တရားမဝင်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းနှင့်၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၁၀၀)



တရားခံ လင်းပိုင်ဖြိုး၊ အိုက်စွမ်၊ စိုင်းထွန်း၊ ရှိုင်းဝဏ္ဏအောင်နှင့် ဇေယျာလင်းတို့အား ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။



ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ Zenith ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 မှ မသဇင်အေးချမ်းဆွေ၏ဖခင် အမည်မှန်မှာ ဦးညီညီဆွေ ဝ၅ဝ၃၁၁ ဖြစ်ပါကြောင်း။ **ဦးညီညီဆွေ**

ပျောက်ဆုံးကြောင်း

စောကြည်ဝင်း(ဘ)ဦးဝင်းတင် ၃/ဘအန(နိုင်)၁၆၃၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 984305)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

ဖခင်အမည်မှန်

ဒီဒီရင်သွေးငယ်များအတွက် ပုံမြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်

- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍ များပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန် အတွက် မြန်မာပူဇပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာ စေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် စက်တင်ဘာ လထုတ် တေဇရွှေပိစုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၅၁၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (မြန်ဆီရော)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ Zenith ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 မှ မဖူးပြည့်စုံ၏ဖခင်အမည်မှန်မှာ ဦးမြင့် ဂ/ကပက(နိုင်)၁၂၃၆၇၅ ဖြစ်ပါကြောင်း။ **ဦးမြင့်**

ပျောက်ဆုံးကြောင်း

စံလင်းထွန်း(ဘ)ဦးဝင်းကြည်၁၄/ကပန(နိုင်)၂၉၉၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 580908)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၄၇၆၀၃၃၂**

ပျောက်ဆုံးကြောင်း

ဆုမြတ်ရွှေစင်မိုး(ဘ)ဦးမိုးဟိန်း ၇/ပခန(နိုင်)၄၂၁၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 453609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အ.ထ.က(၁) ကျိုက်စကောကျောင်း၊ Grade–11 မှ မသက်ချစ်စန္ဒီ၏ဖခင်အမည်မှန်မှာ ဦးယာမင်းသူ ၇/ပခန(နိုင်)၂၃၈၂၀၁ ဖြစ်ပါကြောင်း။ **ဦးယာမင်းသူ**

ပျောက်ဆုံးကြောင်း

မိသင်ဇာလှိုင်(ဘ)ဦးပန်းလှိုင် ၃/ဘအန(နိုင်)၄၁၀၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 582256)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

ပျောက်ဆုံးကြောင်း

ထွန်းထွန်းနိုင်(ဘ)ဦးကျော်စွာအောင် ၁၂/တမန(နိုင်)၁၄၂၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 243518)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၂၁၅၄၄၉**

ပျောက်ဆုံးကြောင်း

အရှင်နန္ဒိယ(ဘ)ဦးဗိုးတော ၁၂/ကမန(သ)၀၈၁၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က(၂)၊ Grade–12 မှ မသီဂီအောင်၏ဖခင်အမည်မှန်မှာ ဦးစိန်အောင် ရမ်း ၈/နမန(နိုင်)၁၇၅၆၅၃ ဖြစ်ပါကြောင်း။ **ဦးစိန်အောင်ရမ်း**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(ရေ့) ကျောက်တံခါးမြို့နယ် အ.ထ.က စက်၊ စိုက်၊ မွေး ပဲနွယ်ကုန်းကျောင်း Grade–12(D)တွင် ပညာသင်ကြားနေသော မလွဲလွဲဝင်း၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၇/ကတခ (နိုင်)၁၁၅၄၆၅ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

ပျောက်ဆုံးကြောင်း

ဇင်မာ(ဘ)ဦးမြင့်ဦး ၇/ကတခ(နိုင်)၁၇၈၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇**

ပျောက်ဆုံးကြောင်း

ဆုမြတ်ရွှေစင်မိုး(ဘ)ဦးမိုးဟိန်း ၇/ပခန(နိုင်)၄၂၁၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 453609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အမက(လွန်)ဧင်ပြွန်းကုန်း၊ Grade–7 မှ အဘဦးအောင်စိုးမိုး၏သား မောင်တိုကြည်ရှင်းသန့်၏အမည်မှန်မှာ မောင်တည်ကြည်ရှင်းသန့်ဖြစ်ပါကြောင်း။ **မောင်တည်ကြည်ရှင်းသန့်**

အမည်မှန်

အထက(၄)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade–12 မှ ဒေါ်လောချာလိုင်း ၄/မတန(နိုင်)၀၀၀၄၁၏သား မောင်ကီးမောင်းအောင်၏အမည်မှန်မှာ မောင်ကီးမောင်းအွမ် ဖြစ်ပါကြောင်း။ **မောင်ကီးမောင်းအွမ်**

အမည်မှန်

အထက(၇)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade–12 မှ မချစ်ပုံစုံ၏မိခင် ဒေါ်ခင်မာရွှေ၏အမည်မှန်မှာ ဒေါ်အမာရွှေ ၁၄/မမန(နိုင်)၁၆၃၄၄၁ ဖြစ်ပါကြောင်း။ **ဒေါ်အမာရွှေ**

ပျောက်ဆုံးကြောင်း

ရဲထွန်းဦး(ဘ)ဦးနန်းဦး ၉/ကပတ(နိုင်)၂၅၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇**

ပျောက်ဆုံးကြောင်း

နော်နိုးရာ(ဘ)ဦးစိုင်းမွန်း ၃/သတန(နိုင်)၀၃၂၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၄၇၀၇၂၆၇၉**

ပျောက်ဆုံးကြောင်း

မြကြူ(ဘ)ဦးလှကြူ ၁၂/ရကန(နိုင်)၀၅၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၃၈၀၉၂၃၉**

ပျောက်ဆုံးကြောင်း

စန်းယုကြိုင်(ဘ)ဦးလှကြိုင် ၁၂/သကတ(နိုင်)၀၇၅၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၂၀၄၆၇၂**

ပျောက်ဆုံးကြောင်း

မျိုးမမဦး(ဘ)ဦးအုန်းရွှေ ၁၂/ဥကမ(နိုင်)၁၇၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၄၇၂၄**

ဖခင်အမည်မှန်

နေပြည်တော်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade–10 တွင် ပညာသင်ကြားနေသော မောင်လင်းခန့်ထွဋ်၏ဖခင်အမည်မှန်မှာ ဦးနေထွဋ်လှိုင် ၁၀/သဖရ(နိုင်)၀၆၇၇၆၆ဖြစ်ပါကြောင်း။ **ဦးနေထွဋ်လှိုင်**

တစ်ဦးတည်းနှင့်မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေအုပ်စုနေ အဘ ဦးကျော်ရှိန်၏သား ဦးစိုးစိုးနှင့်ဦးစိုးဦး ၇/ညလပ(နိုင်)၀၄၈၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၁၉၆၉ ဖြစ်ပါကြောင်း။ **ဦးစိုးစိုး(ခ)ဦးစိုးဦး ၂၀-၃-၁၉၆၉**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 မှ မောင်ဝေယံဟိန်း၏ဖခင် ဦးချစ်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်ချစ် ၁၀/မလမ(နိုင်)၀၃၅၇၃၀ ဖြစ်ပါကြောင်း။ **ဦးမောင်ချစ်**

အမည်မှန်

အမက(၅)ရွှေဝတ်မှံ၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade–5 မှ မသွန်းဆက်နှင်းနှင့် Grade–3 မှ မောင်ကောင်းဆက်ထူးတို့၏ မိခင် ဒေါ်မြတ်မြတ်စိုး၏အမည်မှန်မှာ ဒေါ်မြမြစိုး ၁၄/ပသန(နိုင်)၁၅၉၁၂ ဖြစ်ပါကြောင်း။ **ဒေါ်မြမြစိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၃)ယင်းတော် Grade–12(B) မှ မခိုင်ဇာသင်း၏ဖခင်အမည်မှာ ဦးထွန်းဝေနှင့်ဦးအိုက်ဝယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းဝေ(ခ)ဦးအိုက်ဝယ်**

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဧလွန်မြို့နယ်၊ ဗျင်းညားကျေးရွာအုပ်စု အ.ထ.က(၂)ဧလွန် Grade–12 မှ မကဇင်၏ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၄/ဧလန(နိုင်)၁၁၀၉၇၉ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်**

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အမက(လွန်)ဧင်ပြွန်းကုန်း၊ Grade–7 မှ အဘဦးအောင်စိုးမိုး၏သား မောင်တိုကြည်ရှင်းသန့်၏အမည်မှန်မှာ မောင်တည်ကြည်ရှင်းသန့်ဖြစ်ပါကြောင်း။ **မောင်တည်ကြည်ရှင်းသန့်**

အမည်မှန်

အထက(၄)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade–12 မှ ဒေါ်လောချာလိုင်း ၄/မတန(နိုင်)၀၀၀၄၁၏သား မောင်ကီးမောင်းအောင်၏အမည်မှန်မှာ မောင်ကီးမောင်းအွမ် ဖြစ်ပါကြောင်း။ **မောင်ကီးမောင်းအွမ်**

ပျောက်ဆုံးကြောင်း

မိုးချယ်ရီ(ဘ)ဦးမြ ၁၂/ကမရ(နိုင်) ၀၂၄၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၃၃၃၁၆၁**

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေအုပ်စုနေ အဘ ဦးညီသိန်းအောင်၏သမီး ဒေါ်စိန်စိန်အေးနှင့် ဒေါ်စန်းစန်းအေး ၇/ညလပ(နိုင်)၀၄၈၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စိန်စိန်အေး(ခ)ဒေါ်စန်းစန်းအေး**

ပြောက်ဆုံးကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေအုပ်စုနေ အဘ ဦးညီသိန်းအောင်၏သမီး ဒေါ်စိန်စိန်အေးနှင့် ဒေါ်စန်းစန်းအေး ၇/ညလပ(နိုင်)၀၄၈၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စိန်စိန်အေး(ခ)ဒေါ်စန်းစန်းအေး**

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျောက်တောင် အ.ထ.က(ခွဲ)Grade–11 မှ မအေးစန္ဒာ၏မိခင် ဒေါ်ချိုမာ၏အမည်မှန်မှာ ဒေါ်စန်းစန်းဝင်း ၈/တတက(နိုင်)၀၇၆၂၇၅ ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းဝင်း**

ပျောက်ဆုံးကြောင်း

ဆုမြတ်ရွှေစင်မိုး(ဘ)ဦးမိုးဟိန်း ၇/ပခန(နိုင်)၄၂၁၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 453609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

အမည်မှန်

အထက(၇)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade–12 မှ မလွဲကေခိုင်၏မိခင် ဒေါ်ချိုချိုစန်း၏အမည်မှန်မှာ ဒေါ်ချိုချိုဆန်း ၁၄/ပသန(နိုင်)၂၀၆၀၈၈ ဖြစ်ပါကြောင်း။ **ဒေါ်ချိုချိုဆန်း**

ပျောက်ဆုံးကြောင်း

မျိုးမမဦး(ဘ)ဦးအုန်းရွှေ ၁၂/ဥကမ(နိုင်)၁၇၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၄၇၂၄**

ပျောက်ဆုံးကြောင်း

မိုးချယ်ရီ(ဘ)ဦးမြ ၁၂/ကမရ(နိုင်) ၀၂၄၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၃၃၃၁၆၁**

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ





မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးလုပ်ငန်းများတွင် အသုံးပြုရန် Bank Note Processing Machine BPS M–7 များ၏ Spare Parts(၈၆)မျိုး၊ BPS C4–8 နှင့် BPS C4–4 Machine များ၏ Spare Parts(၂၁)မျိုးနှင့် SEM ဒါး(၁)ချောင်းအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

- တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၉-၂၀၂၅ ရက်နေ့မှ ၂၉-၉-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)
- တင်ဒါပုံစံရောင်းချမည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်) ရုံးအမှတ်(၅၅)
- တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် - ၂-၁၀-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁:၀၀)နာရီ
- တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၂-၁၀-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁:၃၀)နာရီ
- တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လမ်းဘေးဝဲ/ယာတစ်လျှောက် အရိပ်ရအပင်များဖြည့်စွက်စိုက်ပျိုးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ဒကွိဏသီရိမြို့နယ် တော်ဝင်ရတနာလမ်း၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လမ်းဘေးဝဲ/ယာတစ်လျှောက် အရိပ်ရအပင်များ ဖြည့်စွက်စိုက်ပျိုးနေမှုနှင့် ရန်အောင်မြင်ဆည်အောက်ခြေရှိ ပန်းခြံတွင် ပန်းအလှပင်များဖော်ဆောင်စိုက်ပျိုးနေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ ယမန်နေ့ကလည်း နေပြည်တော် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်



ကာကွယ်တောများနှင့် မြေကွက်လပ်၊ မြေလွတ်/ မြေရိုင်းနေရာများတွင် ငါးဂေ၊ ၁၀ ဂေခန့်ရှိ သစ်တောငယ်များ တည်ထောင်နိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန် လျာထားသတ်မှတ်ဆောင်ရွက်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် ပရိဝုဏ်အတွင်း နှစ်ရှည်ပင်နှင့် ပန်းအလှပင်များစိုက်ပျိုးထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ပုဗ္ဓသီရိပြန်/ဆက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်။

"ဥတုဖောက်ပြန် သဘာဝဘေးရန်
ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်"
First Aid and Climate Change

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







နေပြည်တော် စက်တင်ဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကိုထိရောက်စွာဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း သတင်းမှန် (၆၇)ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၁၂၄)မှု၊ ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၃ ဒသမ ၀၆၇ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့်မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် လိုင်စင်မဲ့/အကောက်ခွန်မဲ့ ဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများဖမ်းဆီးရမိခဲ့သည့်အပြင် လက်နက်မျိုးစုံတို့ကိုလည်း ဖမ်းဆီးရမိခဲ့ခြင်းတို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် စံချိန်စံညွှန်းမမီ၊ အရည်အသွေးမပြည့်ဝသော တရားမဝင်ကုန်ပစ္စည်းများ၏အန္တရာယ်တို့မှလည်း ကာကွယ်ပေးနိုင်ခဲ့၍ တရားမဝင်တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်းလျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၃ ဒသမ ၀၆၇ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၉၁၈ ဒသမ ၆၁၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ် -၀၆၇-၄၀၉၈၈၃ နှင့်



၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း ဖမ်းဆီးရမိမှု။

အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၂၅	၃၀၃၅	၃၀၀၅	၂၉၄၀	၃၀၄၅	၃၀၆၀	၃၀၇၅	၂၉၉၅	၄၅၅၀	၃၂၉၀	၃၀၁၀	၃၀၁၅	၃၀၈၅	၃၀၅၀	၃၀၇၀	၃၃၂၅
95 Ron	၂၉၉၅	၃၀၀၅	၃၀၇၅	၃၀၁၀	၃၀၁၅	၃၀၃၀	၃၀၄၅	၃၀၆၅	၄၅၆၀	၃၃၆၀	၃၀၈၀	၃၀၈၅	၃၀၅၅	၃၀၂၀	၃၀၄၀	၃၃၉၅
HSD (500 ppm)	၂၅၇၅	၂၆၉၀	၂၆၅၅	၂၅၉၀	၂၆၉၅	၂၇၁၀	၂၇၂၅	၂၆၄၅	-	၂၉၄၀	၂၆၆၀	၂၆၆၅	၂၇၃၅	၂၇၀၀	၂၇၂၀	၂၉၇၅
HSD (50 ppm)	၃၁၇၅	၃၂၈၅	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၅	၃၂၄၅	၄၈၃၀	၃၅၃၅	၃၂၆၀	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၂၀	၃၅၇၅
HSD (10 ppm)	၃၁၇၅	၃၂၈၅	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၅	၃၂၄၅	-	၃၅၃၅	၃၂၆၀	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၂၀	၃၅၇၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၇၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၇၆	၂၈၄၅
95 Ron	၂၈၂၄	၂၉၁၄
HSD (500 ppm)	၂၄၁၈	၂၄၉၆
HSD (50 ppm)	၂၉၉၈	၃၀၈၇
HSD (10 ppm)	၂၉၉၈	၃၀၈၇



၂၀၂၁ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရန်။

➤ ကျောဖုံးမှအဆက်

မူးယစ်ဆေးဝါးများသယ်ယူပို့ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။

AAသောင်းကျန်းသူအဖွဲ့အနေဖြင့်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၅)ရပ်ကွက်၊ အမှတ်(၄) လမ်းမကြီးရှိ အမှတ်၊ ၇(က)/၂ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံအဆင့်ရှိမူးယစ်ဆေးဝါးတရားခံ ထွန်းထွန်းနိုင်နှင့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင် အေးသန်းထွန်းတို့အပါအဝင် မူးယစ်ဆေးဝါး တရားခံများဖြစ်သည့် အားလျံ (ခ)ဝမ်ရှင်းလျံ၊ ထွန်းထွန်းနိုင်(ခ) အယ်လ်တီ၊ အေးမြင့်နှင့် လင်းမင်းထက်တို့ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံမြို့သစ်၊ အမှတ်(၂၂) ရပ်ကွက်၊ မြို့ပတ်လမ်းရှိ ခြံဝင်းအတွင်း၌ တရားခံ ဇော်ဦး(ခ)ရာဂျူးနှင့် ရဲလင်းအောင်(ခ)ဂျီးဇက်တို့အား ICE ၁၅၀၀ ကီလိုဂရမ်၊ Mark II(ခဲရောင်)ယာဉ် ၁ စီး၊ I-Zone Express(ခဲရောင်)ယာဉ် ၁ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီးပေါ်ရှိ Denko ဆီဆိုင်အနီးတွင် တရားခံ အောင်ခိုင်မိုးနှင့် ရဲကိုခိုင်တို့ ၂ ဦးအား Toyoace (အပြာရောင်)ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ICE ၁၁၀၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ရှေ့ပြေးအဖြစ် လိုက်ပါလာသည့် AA သောင်းကျန်းသူအဖွဲ့ထောက်ပံ့ရေးအဖွဲ့ဝင် ဝင်းနိုင်ဆန်း၊ ရေကြောင်းမှသယ်ဆောင်နိုင်ရန် စက်လှေရှာဖွေပေးမည့်သူ တရားခံ ဇော်မျိုး၊ မောင်မောင်စိုးတို့အား Toyota Probox (အဖြူရောင်)ယာဉ် ၁ စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံ ဝင်းနိုင်ဆန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ပို့ဆောင်ရာတွင် စက်လှေရှာဖွေပေးသူ မျိုးမင်းထိုက်(ခ) နိုအာလမ်အား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၁၀)မြောက်ရပ်ကွက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးတင်ဆောင်မည့်စက်လှေများအား စောင့်ကြည့်ပေးသည့် စိုးမင်းအောင်နှင့် မင်းတင်ထက်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်းရှိ CENTRAL ဟိုတယ်၊ အခန်းအမှတ်(၄၁၀)တွင်လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ICE ၄၄၄၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရှူးသွပ်ဆေးပြားသိန်း ၄၀ ပြား၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)နှင့် မော်တော်ယာဉ် ၅ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံအဆင့်ရှိ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများဝယ်ယူဖြည့်တင်းနိုင်ရေးအတွက်လိုအပ်သောငွေကြေးများရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ၎င်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကိုလည်း AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံအဆင့်ရှိ ဖမ်းဆီးရန်ကျန် တရားခံ မင်းမြတ်ကျော်(ခ)သာခု၏ စေခိုင်းမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ ရန်ကုလားထိမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံများနှင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နှင့် ၇ ရက်တို့တွင် ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံမြို့သစ်တို့၌ မလေးရှားနိုင်ငံနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်တရားခံ အခြေပြဇယား



ဖြစ်စဉ်တွင် တရားခံ ၁၆ ဦး၊ မော်တော်ယာဉ် ၅ စီး၊ ICE ၄၄၄၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရှူးသွပ်ဆေးပြား သိန်း ၄၀ ပြား၊ ဘိန်းဖြူ ၁၄ ကီလိုဂရမ် (ကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့။

ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ဝဂ္ဂဝ နာရီမှ ၁၁ဝဝ နာရီအထိ။

(၂) **ဇီဝဗေဒနှင့်ဓာတုဗေဒ** ၁၃ဝဝ နာရီမှ ၁၅ဝဝ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ဝဂ္ဂဝ နာရီမှ ၁၁ဝဝ နာရီအထိ။

(၂) **သချိုင်္ဂာ** ၁၃ဝဝ နာရီမှ ၁၅ဝဝ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ဝဂ္ဂဝ နာရီမှ ၁၁ဝဝ နာရီအထိ။

(၂) **သချိုင်္ဂာ** ၁၃ဝဝ နာရီမှ ၁၅ဝဝ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** အထက(၅)၊ လားရှိုးမြို့။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဌ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဍ) **တောင်ငူမြို့** အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအားဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် မြင့်မြင့်အောင်ခဲထုတ်လုပ်ခြင်း (အထေးခန်းစက်ရုံ)



အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လိုင်းတွန်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

မြန်မာလင်း(နှ)အင်(နှ)ဒဲလော့(ပ)ဒ်(တ်)လီမိတက်
Myanmar Land and Development Limited

အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ



ဆက်သွယ်ရန်
Myanmar Land and Development Limited အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညီပန်းအိုင်းအနီး၊ ဇလုသီဒီရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၁၈၈၊ ၀၆၇ ၃၄၃၁၈၈၂၊၀၆၇ ၃၄၃၁၈၈၃၊ Fax - ၀၆၇ ၃၄၃၁၈၈၄၊ Email; myanmarland2005@gmail.com

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC





DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW







နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဇွန်ဝှီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်မှုများကြောင့် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်လျက်ရှိသည့် သောင်းကျန်းသူအဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေလမ်းကြောင်း၏ အားသာချက်များကို အသုံးချကာ ရေလမ်းကြောင်းများမှ တစ်ဆင့် **စာမျက်နှာ ၂၉ ကော်လံ ၁ ➤**




တရားခံ ၁၆ ဦးကို သိမ်းဆည်းရမိသည့် ယာဉ်များ၊ ICE၊ ကက်တမင်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူတို့နှင့်အတူ တွေ့ရစဉ်။

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်-ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂ ရက်အတွင်း ဩရိသပြည်နယ်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်းတပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

စာ - ၆ သို့

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာ - ၂၂ သို့

ဆောင်းပါး

လှမ်းတိုင်းတင့်ခဲ့၍ ပန်းတိုင်းလည်း ပွင့်အောင်ကြိုးစားကြပါ

စာ - ၁၁ သို့

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ စာ - ၂၈ သို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဗင်း ၂ ဒသမ ၅ တန် ဖမ်းဆီးရမိ စာ - ၂၆ သို့

